


ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားတော်မူသောတရားတော်

# ကြွေးရှိတဲ့ပုဂ္ဂိုလ်
# အေးနေလို့မတော်ဘူး

၁၃၂

ဟောကြားသောနေ့
( ၄ ၊ ၁၂ ၊ ၅၇ )

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

မန္တလေးမြို့၌ဟောကြားတော်မူသောတရားတော်

# ကြွေးရှိတဲ့ပုဂ္ဂိုလ်

# အားနေလို့မတော်ဘူး

(၆-၁၂-၅၇)

THITSARPARAMI LIBRARY

Date ..........................

စာမူခွင့်ပြုချက် အမှတ် - ၇၉၇/၂၀၀၀ (၁၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၇၅၂ / ၂၀၀၀(၁၂)
အကြိမ် - ပထမအကြိမ်
အုပ်ရေ - ၃၀၀၀
ခုနှစ် - ၂၀၀၀ပြည့်နှစ် ဒီဇင်ဘာလ
တန်ဖိုး - (       )

**ထုတ်ဝေသူ** ဦးအောင်ချို၊ (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ** ဦးဝင်းအောင် (မြ ၀၅၁၃၁)၊
သန်းထိုက်ရတနာပုံနှိပ်တိုက်၊
အမှတ် ၈၄/၈၆၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ ဟောကြားသော တရားတော်

# ကြွေးရှိတဲ့ပုဂ္ဂိုလ် အေးနေလို့မတော်ဘူး

(၄-၁၂-၅၇)

ပူမှု၊ အေးမှု၊ မာမှု၊ ပျော့မှု ဒါတွေကို ရုပ်တရားလို့ မှတ်ထားပါ။ ဒီထဲမှာ ကောင်းတာ၊ မကောင်းတာကို ကောင်းတယ်၊ မကောင်းဘူးလို့ ပြောတတ်တဲ့ အလုံးကလေးဟာ ဝေဒနာလို့မှတ်ပါ။

ဖြူတယ်၊ နီတယ်၊ ကြောင်တယ်၊ ကျားတယ်လို့ နဂိုက မှတ်ထားတဲ့ တရားလေးဟာလဲ သညာက္ခန္ဓာလို့ မှတ်ပါ။ ကျုပ်ကောင်းအောင်လုပ်နေတယ်၊ သူ့တော့ မကောင်းအောင် ပြောလိုက်မှဘဲဆိုပြီး၊ ကောင်းအောင် ပြောချင်တဲ့ စေတနာသဘော၊ မကောင်းအောင် ပြောချင်တဲ့ စေတနာ သဘော။

အဲ့ဒီ စေတနာ သဘောလေးက သင်္ခါရက္ခန္ဓာလို့ မှတ်ပါ။ ဘာဖြစ်ဖြစ် အဖြူလည်းသိ၊ အနီးလည်းသိ၊ အကြောင်လည်းသိ၊ လူလည်းသိ၊ နတ်လည်းသိ၊ ခွေးလည်းသိ၊ ကြောင်လည်းသိဆိုတဲ့ သိလုံးလေးက ဝိညာဏက္ခန္ဓာလို့ မှတ်ထား။

## နာမကာယ၊ ရူပကာယ

အဲတော့ ဒါက နာမကာယ၊ ဒါက နာမကာယလို့ ခေါ်သည်၊ ဒါက ရူပကာယလို့ ခေါ်သည်၊ ဒါက ရှေးဦးစွာ အသီးသီး နာမည်ပေးတာလို့ မှတ်ပါ။

ဒီဘက်က ဘာပါလိမ့် (ရူပကာယပါဘုရား) ဒီဘက်က (နာမကာယပါဘုရား) နာမကာယ နာမက္ခန္ဓာ လေးပါးကို နာမကာယ၊ ရုပ်တရားကို ရူပကာယလို့ ခေါ်သည်။

ကောင်းပြီ၊ အားလုံး ဒကာဒကာမတွေက သိပြီးသကာလ နေတော့၊ ဒါ နာမည်ဘဲသိပြီးသကာလ နေတယ်၊ အထည်ကတော့ ခန္ဓာကိုယ်ထဲ သိတယ်။

ကွမ်းသီးခဲမှာ ကွမ်းသီးပြထားတာက နာမည်ပြချင်လို့ ပြရခြင်း ဖြစ်ပါတယ်။ ဒကာဒကာမတွေ ခန္ဓာ ကိုယ်ထဲ-

ဒါကြောင့် နာမကာယ၊ ရူပကာယ ခွဲရတယ်နော်၊ နာမကာယ ပျက်ပုံက တစ်၊ ရူပကာယ ပျက်ပုံက နှစ်၊ နာမကာယ ပျက်ပုံက (တစ်ပါဘုရား)။

**ခန္ဓာငါးပါး**

အဲဒါကြောင့် ခွဲပြီးသကာလ ထားရတယ်လို့ ဒကာ ဒကာမတွေက မှတ်ထားပါ။ ကောင်းပြီ ရှုတဲ့အခါကျလို့ရှိရင် ဖြင့်တဲ့၊ ဒါတွေဟာ ပေါင်းပြီးသကာလ နာမည်ပေးပြန်လို့ ရှိရင်လည်း ခန္ဓာငါးပါးလို့လည်း ပေးနိုင်တယ်၊ ဒုက္ခသစ္စာ လို့လည်း ပေးနိုင်တယ်လို့ မှတ်ပါ။ ဘယ်လိုလည်း ပေးနိုင် သေးတုံး . . . (ဒုက္ခသစ္စာလို့လည်း ပေးနိုင်ပါတယ်ဘုရား)။

ဒုက္ခသစ္စာလို့လည်း ပေးနိုင်သေးတယ်လို့မှတ်တော့ ဒီငါးပါးစလုံးကို ဘာသစ္စာပါလိမ့် . . . (ဒုက္ခ သစ္စာပါဘုရား)။

ဒုက္ခက = ဆင်းရဲတာ၊ သစ္စာက = မှန်တာ၊ ဒီငါးပါး ဟာ ဘာအမှန်တုံး မေးလို့ရှိရင် ဆင်းရဲတာအမှန်၊ ဦးဘအုန်း ဘာပါလိမ့် . . . (ဆင်းရဲတာ အမှန်ပါဘုရား)။

ဆင်းရဲတာအမှန်လို့ ဘုန်းကြီးတို့ ဒကာဒကာမ တွေက မှတ်ထားတော့၊ ဆင်းရဲတာအမှန်ကို မိမိတို့ ယခုရှိတဲ့ မျက်စိနဲ့ ကြည့်ရင် မမြင်ဘူးလို့ မှတ်၊ ပသာဒ စက္ခုနဲ့ ကြည့် ရင် ဆင်းရဲတာအမှန် မမြင်ဘူး။ ဉာဏ စက္ခု-ဉာဏ်စက္ခုနဲ့ ကြည့်ရင် ဆင်းရဲတာအမှန်ကို မြင်မယ်၊ သဘောကျကြလား . . . (ကျပါတယ်ဘုရား)။

## ပကတိမျက်လုံးဆိုတာ

ပကတိရှိတဲ့ မျက်စိနဲ့ ကြည့်ရင် . . . (မမြင်ပါဘူး) ဆင်းရဲတာအမှန်ကို မမြင်ဘူး၊ ဉာဏ်စက္ခုနဲ့ကြည့်ရင် . . . (မြင်ပါတယ်ဘုရား)။

ဒါဖြင့် ဘုန်းကြီးတရား ဟောနေတာသည်၊ ပကတိမျက်စိဘဲ ခင်ဗျားတို့ ကံကပေးလို့ ရှိပြီးသား . . . (မှန်လှပါ့ဘုရား) ဘုန်းကြီးဖြည့်စွက်ဖို့ ဘာမှမလိုဘူးလို့ မှတ်ပါ၊ ဉာဏ်စက္ခုကို ဖြည့်စွက်ပေးရတော့မယ်၊ ရှင်းကြလား . . . (ရှင်းပါပြီဘုရား)။

ဘာဖြည့်စွက်ပေးရမတုံး . . . (ဉာဏ်စက္ခုကို ဖြည့်စွက်ရမှာပါဘုရား) ဩော်ဒါဖြင့် ဒကာဒကာမတွေက မေးလုံးထုတ်လို့ ရှိရင်ဖြင့်၊ မိဘရိုးရာ မျက်စိကို အသာထားပြီးသကာလ၊ ဉာဏ်မျက်စိ ဖွင့်ပေးမလို့ ဟောတာလို့ မှတ်ပါ။

ဒါမှ ဒုက္ခသစ္စာမြင်မယ် . . . (မှန်ပါ့) ပကတိမျက်လုံးနဲ့ ကြည့်ရင် . . . (မမြင်နိုင်ပါဘူး ဘုရား) ဉာဏ်မျက်လုံးနဲ့ ကြည့်ရင် . . . (မြင်နိုင်ပါတယ်ဘုရား) မြင်နိုင်ပါတယ်။

ဒါကြောင့် ယနေ့ တရားပွဲမှာ သည် ဒကာ ဒကာမတွေ ဘယ်မျက်လုံး တပ်ပေးမလို့ပါလိမ့် . . . (ဉာဏ်မျက်လုံး တပ်ပေးမှာပါဘုရား)။

## ဉာဏ်မျက်လုံးဆိုတာ

ဒါဖြင့် အားလုံး ဒကာဒကာမတွေ ဉာဏ်မျက်လုံး တပ်လို့ရှိရင် ခင်ဗျားတို့ အရိယာမျက်လုံး တပ်ပေးတာပဲ . . . (တင်ပါ့) ဉာဏ်မျက်လုံးဆိုတာ ဘာပါလိမ့် . . . (အရိယာမျက်လုံးပါဘုရား)။

ဩော် . . ဒီနေ့ တို့ ဘာကျင့်ရမဲ့ နေ့ပါလိမ့်မတုံး ဆိုတော့၊ မျက်လုံးပြောင်းပြီးသကာလ ထူးခြားတဲ့ မျက်လုံး ကို ဆရာဘုန်းကြီးက ပြောင်းပေးမလို့၊ ဘာမျက်လုံးတုံး မေးလို့ရှိရင် အရိယာမျက်လုံး တပ်ပေးမလို့ . . (တင်ပါ့ ဘုရား) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဘာမျက်လုံးတပ်ပေးမှာတုံး . . . (အရိယာမျက်လုံး တပ်ပေးမှာပါဘုရား) ကောင်းပြီ အရိယာမျက်လုံး တပ်ပေး မယ်လို့ ဆိုတော့၊ ဒါဖြင့် ခင်ဗျားတို့ အရိယာမျက်လုံးအဖြစ်နဲ့ မြင်လို့ရှိရင် ဘာမှ မကြောက်နဲ့တော့၊ အရိယာမျက်လုံး အဖြစ်မျိုးနဲ့သာ ဘုန်းကြီးပြောတဲ့အတိုင်း ဘုန်းကြီးကလည်း ဟောမှာပဲ၊ ဒကာဒကာမတွေလည်း မမြင်မြင်အောင် အရိယာမျက်လုံးတပ်ပြီး ပြမှာပဲ။

## အရိယာမျက်လုံးရရင် ဘယ်အကုသိုလ်မှ မကြောက်နဲ့တော့

ပြခဲ့လို့ ခင်ဗျားတို့ မြင်လို့ရှိရင်ဖြင့်၊ ဘယ်အကုသိုလ်မှ မကြောက်နဲ့ အကုန် အဟောသိကံ ဖြစ်ပြီးသား မှတ်လိုက်တော့ (မှန်ပါ့)။

ခင်ဗျားတို့ ဘယ်လိုဘဲ မိုက်ခဲ့ မိုက်ခဲ့၊ ဘယ်လိုဘဲ တေခဲ့တေခဲ့၊ ဘယ်လိုဘဲ ဆိုးခဲ့ဆိုးခဲ့၊ ဘယ်လိုဘဲ အကုသိုလ်တွေ လုပ်ခဲ့လုပ်ခဲ့၊ ဘုန်းကြီး တပ်ပေးတဲ့ ဉာဏ်မျက်လုံးသာ မရ အရ ခင်ဗျားတို့ ယူကြလို့၊ ဒီဉာဏ်မျက်လုံးသာ ပေးပြီးလို့ ရှိရင်ဖြင့်တဲ့၊ ခင်ဗျားတို့ သေသေချာချာသာ မှတ်ပါတော့၊ အလုံးစုံ အကုသိုလ်ကံတွေ၊ မနေ့က ပြောခဲ့တဲ့ ရေကန်ကြီးထဲ ရှိတဲ့ရေတွေလောက်များတဲ့ ဒုက္ခတွေ၊ အကုန်အဟောသိ ကံ ဖြစ်ရမယ်။

ဒီမျက်လုံး ဘယ်လောက် အဖိုးတန်တယ်ဆိုတာ ပေါ်ပလား . . . (ပေါ်ပါပြီဘုရား) ဘဝများစွာ သံသရာက မိုက်ခဲ့ မိုက်ခဲ့တာတွေ၊ အကုသိုလ်ကံတွေ၊ ယခုဘဝမှာ မိုက်ပြီးသား အကုသိုလ်ကံတွေ၊ ဒါတွေ ဘာဖြစ်ရမယ် ထင်တုံး . . . (အကုန် အဟောသိကံ ဖြစ်ရမှာပါဘုရား)။

အဟောသိကံ ဖြစ်ရမယ်၊ ဒါ ဘယ်မျက်လုံးကြောင့် ဆိုတာလဲ ရိပ်မိပလား . . . (ဉာဏ်မျက်လုံးကြောင့်ပါဘုရား) ဉာဏ်မျက်လုံး။

အဲဒီတော့ အားလုံး တရားနာလာကြတဲ့ ဒကာ ဒကာမတွေ၊ ဩော် ဒီမျက်လုံး အရယူမှ ကိုထွန်းဦး ဆိုထိုက်၊ မဆိုထိုက် (ဆိုထိုက်ပါတယ်ဘုရား) အားလုံး ဒကာ ဒကာမ တွေ မဆိုထိုက်ဖူးလား . . . (ဆိုထိုက်ပါတယ်ဘုရား)။

အကယ်၍ ဒီမျက်လုံးကို မရတော့ပါဘူးလို့ ဆိုလို့ ရှိရင်၊ ခင်ဗျားတို့ ဒီဘဝမှာ ဘာဘဲ လှူလှူ ဘာဘဲတန်းတန်း ကုသိုလ်တော့ ရတာ အမှန်ပါဘဲ၊ သို့သော် နောက်က ပြုထားတဲ့ အကုသိုလ်တွေကလည်း၊ ခင်ဗျားတို့ စောင့်နေ တယ်၊ အလှည့်ကြုံရင် အကျိုးပေးမလို့ စောင့်နေတာနဲ့၊ ယခုလုပ်ထားတာနဲ့ စာလိုက်ရင် စောင့်နေတာက များတယ် . . . (များပါတယ်)။

## ကြွေးရှိတဲ့ပုဂ္ဂိုလ်အေးနေလို့မတော်ဘူး

အကုသိုလ်တွေက များတယ် . . . (များပါတယ်) တားမည့် ကုသိုလ်တွေက နည်းတော့ကို၊ ဩော် . . . တို့က ကြွေးရှိတဲ့ ပုဂ္ဂိုလ် အေးနေလို့ မတော်ပါကလားဆိုတဲ့ စိတ် ယနေ့ မွေးပါ၊ ရှင်းကြလား . . (ရှင်းပါပြီဘုရား)။

ဘာ ဘယ်လို စိတ်ကူးကြမတုံး . . . (ကြွေးရှိတဲ့ ပုဂ္ဂိုလ်အေးနေလို့ မဖြစ်ပါဘူးဘုရား) ကြွေးရှိတဲ့ပုဂ္ဂိုလ်အေး နေလို့ မဖြစ်ဘူးလို့ ဒကာမတွေကော မမှတ်ထိုက်ဘူးလား . . . (မှတ်ထိုက်ပါတယ်ဘုရား)။

ကြွေးရှိတဲ့ပုဂ္ဂိုလ် ဘယ်လိုနေရမလဲ . . . (အေးနေလို့ မဖြစ်ပါဘူးဘုရား) အေးနေဆိုတာ ကိုယ့်မျက်လုံးကလေးနဲ့၊ ကိုယ့်ဉာဏ်ကလေးနဲ့၊ ရှာမျက်လုံးလေးနဲ့၊ ဘယ်သူချမ်းသာတယ်၊ ဘယ်သူကျန်းမာတယ်၊ ဘယ်သူ အရောင်းအဝယ်ဖြောင့်တယ်၊ ဘယ်သူအရောင်းအဝယ် မဖြောင့်ဘူး။

ဒါလောက်ဟာတော့ ပကတိ မျက်လုံးလို့ မှတ်ပါ။ အဲဒီ မျက်လုံးနဲ့ အချိန်ကုန်မနေပါနဲ့၊ ဘုန်းကြီးတပ်ပေးတဲ့ အရိယာမျက်လုံးကိုသာ ခင်ဗျားတို့ ရမယ်ဆိုလို့ရှိရင်ဖြင့်၊ ကြွေးအကုန်ကျေတယ်လို့ မှတ်ပါ . . . (မှန်ပါ့)။

ဒီဘဝ တင်တဲ့ကြွေးကော . . . (ကျေပါတယ်ဘုရား) ခင်ဗျားတို့ တင်တဲ့ကြွေးကိုလည်း ဘုန်းကြီး ရှင်းလင်းပြရလို့ ရှိရင်၊ ဒကာဒကာမတွေ ချောက်တယ်လို့ မမှတ်နဲ့၊ ခန္ဓာကိုယ်နဲ့ အပါယ်ထဲမှာ ဆပ်ရမယ်၊ ရိပ်မိပလား . . . (မှန်ပါ့)။

တင်ထားတဲ့ ကြွေးက ငွေပေး၊ ရွှေပေး၊ အိမ်ပေး၊ ယာပေးလို့ မရဘူး၊ ဒါတွေ ကျုပ်အကုန် ကောင်းရာလုပ်ပါ့မယ်ဗျာ၊ ဒီကြွေးကျေပါတော့ဆိုလို့ ရပ့ါမလား . . . (မရပါဘူးဘုရား)။

ခန္ဓာနဲ့ ဒယ်အိုးထဲ သွားဆပ်ရတယ်၊ ခန္ဓာနဲ့ တိရစ္ဆာန်ဖြစ်ပြီး ဆပ်ရတယ်၊ ရိပ်မိကြပလား . . . (မှန်ပါ့) ခန္ဓာနဲ့ သူများ သတ်၊ စားဖတ် ဝါးဖတ် ဖြစ်ပြီးသကာလ ကြွေးဆပ်

ရတယ်၊ ခံနိုင်ရည် ရှိပါ့မလားလို့ မေးလိုက်ချင်တယ်။

ဘယ့်နှယ် ကိုထွန်းဦး . . . (မခံနိုင်ပါဘူးဘုရား) သဘောကျပလား ဒကာဒကာမတို့ . . . (ကျပါတယ်ဘုရား) ခံနိုင်ရည် ရှိပါ့မလား . . . (ခံနိုင်ရည် မရှိပါဘူးဘုရား)။

ဒါဖြင့် ဘာနဲ့ ဆပ်မှ ဒီကြွေးကျေမယ်ဆိုတာကော ယနေ့ ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား) အရိယာ မျက်လုံးနဲ့ ရရမယ် (မှန်ပါ့)။

## ပသာဒစက္ခု

ဒါဖြင့် ဒီနေ့ တရားဟော၊ သြော် . . . မျက်လုံးမှန် ရဖို့ ပသာဒ စက္ခု၊ ဉာဏ စက္ခုလို့ နှစ်မျိုး ဟောမလို့ဘဲ၊ ပသာဒ စက္ခုက ခင်ဗျားတို့ နေ့တိုင်း ယောကျ်ားမြင်တယ်၊ မိန်းမ မြင်တယ်၊ စီးပွားရေး မြင်တယ်၊ အမြင်တွေ ဟူသ၍ ပသာဒ စက္ခုလို့ မှတ်ပါ၊ ပကတိ စက္ခုလို့ မှတ်ပါ. . . (မှန်ပါ့)။

## ဉာဏစက္ခု

ဉာဏစက္ခုက ဒီထဲမှာ ဟောတာက ဒုက္ခသစ္စာပါလို့ ပြောလိုက်တဲ့အခါမှာ၊ ဒုက္ခသစ္စာကလေးကို ခဏခဏ ဖောက်ပြန်ပျက်စီးနေတာလေး မြင်မှ ဉာဏစက္ခုဖြစ်မယ်၊ ရှင်းပလား (မှန်ပါ့)။

ဒါဖြင့် ပသာဒစကျနဲ့ ဉာဏစကျဘယ်လောက် ကွာခြားတုံး အလွန်ကွာတယ်နော် ဒကာဒကာမတို့ ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

## သိတဲ့ပုဂ္ဂိုလ်နောက်အကုန်လိုက်ပါ

အားလုံး မှတ်ကြစမ်းပါ၊ ဒီဥစ္စာ ဘုန်းကြီး ကရုဏာ မေတ္တာနဲ့ ပြောနေတယ်၊ ဒကာဒကာမတွေ ကရုဏာ မေတ္တာနဲ့ ပြောနေတယ်၊ ခင်ဗျားတို့က မသိလို့ သိပ်အရေးမကြီးဘူးထား၊ သိတဲ့ပုဂ္ဂိုလ်က အလွန်အရေးကြီးတော့၊ သိတဲ့ပုဂ္ဂိုလ်နောက်အကုန်လိုက်လို့ မဆိုထိုက်ဘူးလားဗျာ . . . (ဆိုထိုက်ပါတယ်ဘုရား)။

ကိုယ်က မသိလို့ အနာကို ဆရာဝန်မဟုတ်တော့ အနာပေါက်နေတာမှ သေလောက်တဲ့အနာ ပေါက်နေပေမဲ့ ဆရာဝန်မဟုတ်တော့ ကိုယ်က တယ်အရေးမကြီးလှဘူး . . . (မှန်ပါ့)။

ဆရာဝန်ကတော့ ဟာ မဟုတ်ဘူး၊ မင်းဟာ မြန်မြန် လုပ်မှ မလုပ်ရင် လွန်သွားလိမ့်မယ်၊ အသက်အန္တရာယ်၊ ဘုန်းကြီးက ဆရာဝန်နဲ့ တူနေတယ်။

ခင်ဗျား တရားနဲ့ ပတ်သက်လာတော့ . . . (တင်ပါ့) အဲ့ဒါကြောင့် ဆရာဝန်က အရေးကြီးသလို ကြီးတော့

အားလုံးဒကာဒကာမတွေ မကြီးပဲနေလို့ တော်ပ့ါမလား . . . (မတော်ပါဘူးဘုရား)။

ဘာကြောင့် မတော်သတုံးလို့ မေးတဲ့အခါ ကြွေးအနန္တ ရှိနေလို့၊ ခန္ဓာကိုယ်နဲ့ဆပ်မှ ကျေတဲ့ကြွေးတွေ ဖြစ်နေလို့ သဘောကျကြပလား . . . (မှန်ပ့ါဘုရား)။

## ခန္ဓာကိုယ်နဲ့ဆပ်ရမယ်

ခန္ဓာကိုယ်နဲ့ ငရဲအိုးအမျိုးမျိုး တောင်းဆပ်ရမယ်။ . . . (မှန်ပ့ါဘုရား) တိရစ္ဆာန်အမျိုးမျိုးအဖြစ် ဆပ်ရမယ် (ဖြစ်ရမှာပါဘုရား) နတ်ပြိတ္တာအမျိုးမျိုး၊ အသေအမျိုးမျိုးနဲ့ ကော မဆပ်ရပေဘူးလား ဝဋ်ကုန်အောင် . . . (ဝဋ်ကုန်အောင် အမျိုးမျိုးဆပ်ရပါတယ်ဘုရား)။

အဲဝဋ် ကုန်အောင် ဆပ်ရလိမ့်မယ်၊ အဲဒီ ဆပ်ရမဲ့ ကြွေးတွေကို ခုပြောတဲ့ ဆရာဘုန်းကြီးပြောတဲ့ ဉာဏ်အမြင် မှန်ရမယ်ဆိုလို့ရှိရင် ဆပ်ပြီးသား . . . ရှင်းပလား။

ဒါကြောင့် စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ ဒါဟော နေတာ ကိုထွန်းဦး ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား)၊

## နက်ဖြန်လည်း ပြောရဦးမယ်

စက္ခုံ ဥဒပါဒိ၊ ဉာဏံဥဒပါဒိ ဆိုတာ ခင်ဗျားတို့

စာကလေး ရွတ်နေတာ အင်မတန် လွယ်ပါတယ်။ အဲဒီ စကျွံ ဥဒပါဒိ၊ ဉာဏုံဥဒပါဒိလေး ရဖို့ကို ဘုန်းကြီးသည် ဒီနေ့ လည်း ပြောရမှာဘဲ၊ နက်ဖြန်လည်း ပြောရမှာဘဲ. . . (မှန်ပါ့) သန်ဘက်ခါလည်း ပြောရမှာဘဲ။

ခင်ဗျားတို့ ပြောတိုင်း နားထောင်ပြီး သကာလ သာကြည့်ရမှာဘဲ၊ ကြည့်မှဘဲ ဟန်ကျမှာဘဲ၊ ဦးဘကြည် မကြည့်ရင် . . . (ဟန်မကျပါဘူးဘုရား) ဟန်မကျဘူးတဲ့။

ကိုင်း . . ဒါဖြင့် ယနေ့ ပကတိမျက်စိနဲ့ ဉာဏ်မျက်စိ ဉာဏ်မျက်စိ နှစ်လုံးကို ခွဲခြားဟောလိမ့်မယ်၊ ရှင်းပလား ၊ ဘာခွဲခြား ဟောမယ်ထင်တုံး (ပကတိ မျက်စိနဲ့ ဉာဏ်မျက်စိ ပါဘုရား)။

ဩော် . . . ဒါဖြင့် ယနေ့ တို့သည် ပကတိ မျက်စိက ပုထုဇဉ် မျက်စိ . . . (မှန်ပါ့) ဉာဏ်မျက်စိက . . (အရိယာ တပ်ပေးတဲ့ မျက်စိ) ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

## အရိယာတပ်ပေးတဲ့မျက်စိ

ဒါဖြင့် အရိယာတပ်ပေးတဲ့ မျက်စိသည် ဒုက္ခသစ္စာ မြင်လိမ့်မယ် . . . (မှန်ပါ့) ပကတိပေးတဲ့ မျက်စိသည် ခန္ဓာ ငါးပါး ယောကျ်ား၊ မိန်းမဘဲ သိမယ် . . . (မှန်လှပါ) ရှင်း ပလား။

ယောက်ျား မိန်းမသိမယ်၊ အချို၊ အချဉ်၊ ဒါဘာပစ္စည်း ဘာပစ္စည်းဆိုတာ သိလိမ့်မယ်။ အဲတော့ ပကတိမျက်စိနော် . . . ဉာဏ်မျက်စိကတော့ မြင်လိုက်လို့ ရှိရင်ဖြင့် ဒါတွေဟာ ယောက်ျားလဲမဟုတ်ဖူး၊ မိန်းမလဲ မဟုတ်ဖူး၊ အဖြစ် အပျက် **ဝိပရိနာမ** ဒုက္ခသစ္စာလို့ မြင်ရတယ် . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ပကတိ မျက်စိနဲ့ ဉာဏ်မျက်စိနဲ့ အားလုံး ဒကာဒကာမတွေ အတော်မကွာခြားဘူးလား . . . (ကွာခြားပါတယ်ဘုရား)။

ဘယ်လို ကွာခြားသတုံး မေးတဲ့အခါကျတော့၊ ဟိုက ယောက်ျားမိန်းမ မြင်တယ်၊ ဟုတ်လား၊ ဉာဏ်မျက်စိက ဖြစ်ပျက်နေတဲ့ ဒုက္ခသစ္စာမြင်တယ်၊ ကိုထွန်းဦး မကွာဘူးလား . . . (ကွာပါတယ်ဘုရား)။

ကွာတော့ကို ဖြစ်ပျက်မြင်တဲ့ ဒုက္ခသစ္စာမြင်တော့ ဘုရားက ဘယ်လိုဟောတုံး၊ ငါလည်း သစ္စာမြင်ရောဟေ့၊ ကျန်တဲ့ကံတွေ အဟောသိကံ ဖြစ်ကုန်တာဘဲ။ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ငါလည်း သစ္စာမမြင်သေးဘူးဆိုရင်၊ ကျန်တဲ့ကံတွေက ငါ့လိုက်နေတာဘဲ၊ ကုသိုလ်ကံကကော လိုက်နေတာဘဲ၊ အကုသိုလ်ကံကော . . . (လိုက်ပါတယ်ဘုရား) လိုက်နေတာဘဲတဲ့။

## မျက်စိပြောင်းဖို့ အရေးကြီးတယ်

ဒါဖြင့် အားလုံး ဒကာဒကာမတွေ စဉ်းစားဖို့ရာက မျက်စိပြောင်းဖို့ အရေးကြီးနေတာကိုး ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား) ဘာပြောင်းဖို့ အရေးကြီးပါလိမ့် . . . (မျက်စိပြောင်းဖို့ အရေးကြီးပါတယ်ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ယနေ့ တို့တရားနာရမှာ ဘာတရားပါလိမ့်မတုံးလို့ ဆိုတဲ့ တို့မျက်လုံးကို ပိတ်ထားဟုတ်လား . . . (တင်ပါ့)။

ဘုရားပေးတဲ့ မျက်လုံးကို တပ်ကြည့် ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ခင်ဗျားတို့ ရိုးရာမျက်လုံးကို ဘာလုပ်ရမတုံး . . . (ပိတ်ထားရမှာပါဘုရား) ပိတ်ထားရမယ်၊ ဘုရားပေးတဲ့ မျက်လုံးကို . . . (တပ်ကြည့်ရမှာပါဘုရား) တပ်ကြည့်ရမယ်။ သဘောကျကြပလား . . . (ကျပါတယ်ဘုရား)။

ပကတိမျက်လုံးနဲ့ မမြင်တော့ မျက်မှန်မကူကြဘူးလားဗျာ . . . (မှန်ပါ့) ကဲ ဘုရားမျက်မှန်ကို ကူတပ်ပါရှင်းပလား။

## ပကတိမျက်စိကို ဖျောက်ပါ

ယနေ့ တရားဟောမဲ့ ဥစ္စာဟာ အကြောင်းပြ သိကြ

ပလား . . . (သိပါတယ်ဘုရား) အကြောင်းပြသိပြီ၊ ပကတိ မျက်စိကို ဖျောက်၊ အရိယာမျက်စိကို တပ် . . . (မှန်လှပါ)။

ကိုထွန်းဦး ယနေ့တရားဟာ ဘာတရားပါလိမ့်မတုံး (ပကတိမျက်စိကို ဖျောက်ပြီး အရိယာမျက်လုံးတပ်ပေးရမှာပါဘုရား) ပကတိမျက်စိ မိဘရိုးရာ ပါလာတဲ့ မျက်စိကို . . . (ဖျောက်ရမှာပါဘုရား) ဖျောက်ရမယ်။ အရိယာမျက်စိကို . . . (တပ်ရမှာပါဘုရား) တပ်ပေးရမယ်။

ဒါဖြင့် ယနေ့ ဟောမဲ့တရားသည်၊ ပကတိ မိဘရိုးရာ မျက်လုံးကို ဖျောက် . . . (မှန်လှပါ) အရိယာ မျက်လုံးလဲ တပ်ပြီးတော့ ဆရာဘုန်းကြီးက ပေးလိမ့်မယ်။

## အရိယာမျက်လုံးတပ်ပေးပါ

ပေးလို့ အရိယာမျက်လုံး တပ်ပေးလိုက်လို့ အရိယာမျက်လုံးနဲ့ မြင်လို့ရှိရင်၊ မြင်သည်နဲ့ တစ်ပြိုင်နက်တည်း ဘဝများစွာ သံသရာက မိုက်ခဲ့၊ မူးခဲ့၊ တွေခဲ့၊ ဝေခဲ့၊ ပြုချင်သလိုပြု၊ လုပ်ချင်သလို လုပ်တဲ့ကံတွေ အဟောသိကံ ဖြစ်မယ် (အဟောသိကံဖြစ်ပါတယ်) အဟောသိကံ ကောင်ဖြစ်ရမယ်၊ (မှန်လှပါ)။

ကိုင်း ပကတိမျက်လုံး ဖျောက်ပြီးသကာလ အရိယာမျက်လုံးကို တပ်ပေးလိုက်ရလို့ရှိရင်၊ ဒီ ဒကာဒကာမတွေဖြင့်

အင်း ဒီဘဝ ဒုက္ခခပ်သိမ်း ငြိမ်းမဲ့ဘဝပါလားလို့ ဆုံးဖြတ်ချက်ချ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒီဘဝ အရိယာမျက်လုံးသာ တပ်မိတဲ့ တစ်နေ့ဘာဖြစ်ကြမယ်ထင်တုံး . . . (ဒုက္ခခပ်သိမ်း ငြိမ်းပါတယ်) ဒုက္ခခပ်သိမ်း ငြိမ်းရမယ်ဆိုတော့၊ ဒီမျက်စိ မရသေးသ၍ ကာလပတ်လုံး ခင်ဗျားတို့ ကြိုးစားပါ။

မဆိုထိုက်ဖူးလား . . . (ဆိုထိုက်ပါတယ်ဘုရား) အရိယာ မျက်စိမရ ရအောင် ကြိုးစားပါ။ ရအောင်လည်း ဆရာ ဘုန်းကြီးက အားပေးတယ် . . . (မှန်ပါ့)။ ဟုတ်ဖူးလား။

ခင်ဗျားတို့ကလည်း ရအောင် စူးစူးစိုက်စိုက်ကြည့်ပါ၊ ကြည့်တော့ ဝေးဝေးကြည့်ရမှာလားလို့ မေးခွန်းထုတ်ခဲ့သော်၊ ဒကာဒကာမတွေ ကိုယ့်ခန္ဓာကိုယ်ကြည့်ရမှာဘဲ၊ အရိယာမျက်လုံးတပ်ကြည့်ရမယ် . . . (မှန်လှပါ)။

မိဘာရိုးရာ မျက်လုံးကို (ဖျောက်ရမှာပါ) ဖျောက်ကြည့်ရမယ် ရှင်းကြပလား . . . (ရှင်းပါပြီဘုရား) ဒါဖြင့် မိဘာရိုးရာ မျက်လုံးကို ဖျောက်လိုက်လို့၊ အရိယာမျက်လုံးလေး ဝင်လာသည်နဲ့ တစ်ပြိုင်နက်ထဲ၊ အပါယ်လေးပါး တံခါးပိတ်မယ်ဆိုတာ မှတ်တော့။

အကုန်ပ၊ အကုန် အပဟောသိကံ ဖြစ်တယ်၊ အရိယာ

မျက်လုံးသာ တပ်ပေးလို့ရှိရင် ရှင်းကြပလား . . . (ရှင်းပါ တယ် ဘုရား)။

ကွာ ဒီနေ့ ဘာဟောမှာတုံး . . . (အရိယာမျက်လုံး တပ်ပေးမှာပါဘုရား) ပကတိမျက်စိတော့ . . . (ဖျောက်ရမှာ ပါဘုရား) မိဘရိုးရာမျက်စိ ဖျောက်ရလိမ့်မယ်နော်။

မဖျောက်ရင်တော့ မရဘူးတဲ့၊ ဒါတော့ ဘယ်အချိန် ဖျောက်ရမှာတုံးဘုရား့ဆိုတော့၊ တရားထိုင်တဲ့ အချိန် ဖျောက်ရင် တော်ပြီ၊ ပကတိအချိန်တော့ ကံက အကျိုးပေး ထားတာ . . . မတတ်နိုင်ဘူး။

မြင်တဲ့အတိုင်း မြင်မှာဘဲ၊ အဲတော့ အလုပ်ချိန်လေး မှာ ပျောက်ရင်ဘဲ ခင်ဗျားတို့ စိတ်ချပါတော့လို့ ဘုရားတောင် မှ အလုပ်မလုပ်တဲ့ အချိန်ကျလို့ရှိရင်ဖြင့် မည်သူ မည်ဝါ ဆိုပြီး ကောသလမင်းကြီး လာသလား၊ ကောသလမင်းကြီး မြင်လို့ ကောသလမင်းကြီး ပြောတာပေါ့ဗျ . . . (မှန်ပါ့) ဟုတ်လား . . . ။

ဗိမ္ဗိသာရ မင်းကြီးလာသလား၊ ဘာကိစ္စတုံး၊ ဒီအချိန် အချိန်ဟုတ်ဘဲနဲ့ လာတာ သူကပဲ ကောက်ကောက်မေးရ တယ်။

ဉာဏ်မျက်စိနဲ့ မကြည့်တဲ့ အချိန်ကျတော့ ကျုပ်တို့ လိုပါဘဲ ရှင်းပလား . . . (မှန်လှပါ) ဉာဏ်မျက်စိနဲ့ ကြည့်တဲ့

အချိန်ကျလာတဲ့အခါကျလို့ ရှိရင်ဖြင့် သူ့မှာ အားလုံး ဒုက္ခသစ္စာ ဖြစ်နေတယ် (မှန်ပါ့)။

အားလုံး ဒုက္ခသစ္စာဖြစ်ပြီး ဒုက္ခသစ္စာတွေ ချုပ်ပြီး နိရောဓ ဒီနေရာ အစားထိုးတာဘဲ နိရောဓ ပေါ်လာတာဘဲ သဘောကျပလား . . . (မှန်လှပါ)။

## အလုပ်ချိန်မှာ ပကတိမျက်လုံးဖျောက်ပါ

ဩော် . . ဒါဖြင့် ပကတိမျက်လုံး ဖျောက်ဆိုပေမဲ့လည်း၊ နေရာတိုင်း ဖျောက်ရမှာမဟုတ်ပါလား၊ ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား) ဘယ်အချိန်ဖျောက်ရမှာတုံး . . . (တရားရှုမှတ်တဲ့အချိန် ဖျောက်ရမှာပါဘုရား)။

အလုပ်လုပ်တဲ့အချိန် ပကတိ မျက်လုံးလေး ဖျောက်ပြီး အရိယာမျက်လုံးလေးနဲ့ မြင်ရင်၊ ခင်ဗျားတို့ အပါယ်လေးပါး တံခါးပိတ်ပါတယ်လို့၊ ဘုန်းကြီးက သေသေချာချာဘဲ တာဝန်ခံပါတယ်။

အဲတော့ ဦးဘအုန်းတို့ လူစု၊ ဒီက ကိုဘကြည်တို့ ဦးမောင်လေးတို့ လူစုတွေ အသေအချာ လုပ်ထိုက်တယ် နော်၊ မျက်လုံးပြောင်းပေးမှာ မျက်လုံးမပြောင်းရင်တော့ဖြင့် အရိယာကိုပင်လျှင် အရိယာလို့ မသိဘူး . . . (မသိပါဘူး) မသိနိုင်ဘူး။

ရှေးက စိတ္တလပသာဒတောင် ဆိုတာရှိတယ်၊ ဒီ နကုလ ပီတာဝတ္ထုမှာဘဲ၊ အဲဒီတောင်မှာ ရဟန္တာတစ်ပါး ရှိတယ်၊ ရဟန္တာတစ်ပါးရှိတော့ နောက် အသက်ငါးဆယ် ခြောက်ဆယ်မှ သင်္ကန်းဝတ်လာတဲ့ ကိုယ်တော်ကြီး၊ သံဝေဂ ရလာပြီး သင်္ကန်းဝတ်လာတဲ့ ကိုယ်တော်ကြီးတစ်ပါးကို သူမွေးထားတာရှိတယ်။

ဒီ ရဟန္တာကိုယ်တော်ကြီးက ဆွမ်းခံသွားဦးမယ်ဆိုရင် သူ့နောက်က ဒီကိုယ်တော်ကြီးက သပိတ်နှစ်လုံး ဟိုဘက် ဒီဘက် လွယ်ရရှာတယ်၊ ရွာနားကျမှသာလျှင် ကိုယ့်သပိတ်နဲ့ ကိုယ်ပေါ့ဗျာ။

## ရဟန္တာရှေ့ထားပြီး ရဟန္တာမှန်းမသိ

တောထဲမှာ ကူညီတဲ့ သဘော၊ ဆရာသမားမို့လို့ ဝတ်ပြုတဲ့ သဘောတွေနဲ့၊ တစ်ရက်၊ နှစ်ရက်မှာ သူနောက် ကနေပြီးသကာလ၊ အရိယာများ ဘုရားတပည့်တော်တွေ့ချင် လိုက်တာ၊ ဖူးချင်လိုက်တာ၊ အရိယာနည်းလိုချင်လိုက်တာတဲ့။

အရိယာကို တွေ့ရ၊ ဖူးရလို့ရှိရင် အရိယာနည်း ရမှာပဲဆိုပြီး၊ ဒီအရိယာပဲ သူက သဘောကျနေတယ်၊ သို့ သော် သူ့ရှေ့က သူသပိတ်လွယ်၊ သူ့ကိုပေးထားတဲ့ သပိတ် က အရိယာသပိတ်ပဲဆိုတာ ဒကာဒကာမတွေ ခုနင်က

စကတည်းက မပေါ်သေးဘူးလား (ပေါ်ပါတယ်ဘုရား)။

အဲတော့ ကိုယ်တော်ကြီးက အရိယာဟာ ဦးပဥ္စင်းကြီးရဲ့ ကြည့်ချင်တယ်၊ ရှုချင်တယ်ဆိုတဲ့ဥစ္စာ အချို့အချို့ပုဂ္ဂိုလ်များ ဒီလို ဖြစ်တတ်ပေတယ်၊ အရိယာသပိတ်တွေ လွယ်၊ အရိယာသင်္ကန်းတွေကို ဖွတ်လျှော်ပြီး ပေးနေပါရဲ့ သားနဲ့ အရိယာမှန်း မသိဘူးတဲ့။

သိဖို့ရာလည်း အတော်ခဲယဉ်းတယ် . . . (ခဲယဉ်းပါတယ်ဘုရား) ဒီလို ကိုယ်တော်ကြီးက လှည့်ပြောလိုက်တယ်၊ ရဟန္တာက အဲ့ဒါ အရိယာတော့တွေ့ရဲ့ သူ့မှာ အရိယာမျက်လုံးက ရှိရဲ့လား . . . (မရှိပါဘူးဘုရား)။

မရှိလို့ အရိယာနောက်ကို ဝတ်ကြီးဝတ်ငယ် ပြုနေငြားသော်လည်း သူသိပါရဲ့လား . . . (မသိပါဘူး) ရှင်းကြလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် အဲဒီပုဂ္ဂိုလ်မှာ ဘာလိုနေတယ်ဆိုတာကောပေါ်ပလား . . . (အရိယာမျက်လုံး လိုနေပါတယ်ဘုရား)။ အရိယာမျက်လုံး လိုနေတယ်၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

**ဒီပုဂ္ဂိုလ်လို မဖြစ်စေနဲ့**

ဒါဖြင့် ခင်ဗျားတို့ သေချာမှတ်တော့တဲ့ အဲဒီပုဂ္ဂိုလ်

ကြီးလို မဖြစ်စေနဲ့ ရှင်းပလား . . . (မှန်ပါ့)။

ဒီအိမ်ပေါ်က ဘုရားတွေက ဘုရားတွေပါဘဲ . . . (မှန်ပါ့)၊ တရားတွေကကော . . . (တရားတွေပါဘုရား)။

သို့သော် စာထဲမှာလည်း တွေ့ပါရဲ့၊ ပုံသဏ္ဌာန်တွေလည်း တွေ့ပါရဲ့လို့သာ ဆိုရတယ်၊ အစစ်က အရိယာ အစစ်၊ ဘုရားအစစ်လဲ မတွေ့ဘူး၊ ဓမ္မက္ခန္ဓာအစစ်လည်း မတွေ့ဘူး၊ ဒီအဓိပ္ပာယ်ရောက်တယ်. . . (မှန်လှပါ) သဘောကျကြလား . . . (ကျပါတယ်ဘုရား)။

ကိုင်း ဒါဖြင့် ယနေ့ညဟောမဲ့တရားသည် အရိယာမျက်လုံးတပ်ပြီးတော့ အရိယာအမြင် သေသေချာချာရမှကိစ္စပြီးမဲ့တရားဆိုတာ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ကောင်းပြီ ခုနင်က ဝတ္ထုထောက်သဖြင့်လည်း ကျေနပ်ကြပလား . . . (ကျေနပ်ပါတယ်ဘုရား) အရိယာရှေ့က ထားတာကိုဗျ မြင်ရဲ့လား . . . (မမြင်ပါဘူးဘုရား)။

## အရိယာဆိုတာမြင်နိုင်ခဲတယ်

အဲတော့ ကိုယ်တော်ကြီးက ပြန်ဖုံးလိုက်တယ်၊ အရိယာဆိုတာ မြင်နိုင်ခဲတယ် မပြောဘူးလား . . (ပြောပါတယ်ဘုရား) ပြောတော့ အဲ့ဒါသည် အရိယာကိုယ်တော်ကြီး

ကိုယ်တော်တော့ သူမြင်သားပေါ့ဗျာ . . . (မှန်ပါ့)

မမြင်ဘူးလား. . . (မြင်ပါတယ်ဘုရား) ကိုယ်တော်တော့ သူမြင်ပါတယ်၊ မြင်ပင်မြင်ငြားသော်လည်း ပကတိမျက်စိနဲ့ မြင်တာ အရိယာမျက်လုံးနဲ့ သူမြင်တာ ဟုတ်ကဲ့လား . . . (မဟုတ်ပါဘူးဘုရား)။

## ခင်ဗျားတို့ အရိယာနဲ့ နေလဲအပိုပါပဲ

အရိယာမျက်လုံးနဲ့ သူမြင်လို့ရှိရင် ဒီလူ အာသဝေါကုန်ပြီးသားလို့ သူသိမှာပေါ့ . . . (မှန်ပါ့) ပကတိ မျက်လုံးနဲ့ကြည့်တော့ အရိယာကိုပင်လျှင် အရိယာမှန်း သိသေးရဲ့လား . . . (မသိပါဘူးဘုရား) ကျေနပ်ပလား . . . (ကျေနပ်ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့သည် အရိယာမျက်လုံး တပ်မပေးသ၍ ကာလပတ်လုံး၊ အရိယာနဲ့ အတူနေလည်း အပိုဘဲ။ ဆိုထိုက်ဖူးလား (ဆိုထိုက်ပါတယ်ဘုရား)။

ဘုရားနဲ့ အတူတူနေလည်း ဘုရားမှန်းမသိရင် အတူတူဘဲ မနေဘူးလား . . . (နေပါတယ်ဘုရား) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီနေ့ မျက်လုံးမတပ်ရင် မဖြစ်တဲ့အလုပ်ဆိုတာကိုဖြင့် ယနေ့ ရှင်းသွားမှာပါ။ သဘောကျကြပလား . . . (ကျပါတယ်ဘုရား)။

**ပသာဒစက္ခု ဉာဏစက္ခု**

ဒါဖြင့် မျက်လုံး ဘယ်နှစ်မျိုးရှိသတုံး . . . (နှစ်မျိုး ရှိပါတယ်ဘုရား) ပကတိမျက်လုံး တစ်မျိုး ဉာဏ်မျက်လုံး . . . (တစ်မျိုးပါဘုရား)။

ဒါကြောင့် စာလိုသုံးတော့ ပသာဒစက္ခုတစ်မျိုး၊ ဉာဏ စက္ခုတစ်မျိုး . . . (မှန်ပါ့) ဘယ်နှစ်မျိုးပါလိမ့်. . . (နှစ်မျိုးပါဘုရား)။

ကျုပ်တို့ မြန်မာလို ဖြစ်နေတော့ မြန်မာလိုဆိုတော့ မိဘရိုးရာ မျက်လုံးတစ်မျိုး ဟုတ်လား . . . (မှန်ပါ့) အရိယာ များ တပ်ပေးတဲ့ မျက်လုံးက . . . (တစ်မျိုးပါဘုရား)။

ဘယ်နှစ်မျိုးရှိတုံး . . . (နှစ်မျိုးရှိပါတယ်ဘုရား) ဒါဖြင့် ဒကာဒကာမတို့ အရိယာ မျက်လုံးတပ်တဲ့ အကျိုး လည်း ဘုန်းကြီးပြောပြီးပြီ၊ ပကတိ မျက်လုံး၏ သူအမှန် မမြင်မှုကိုလည်း ခင်ဗျားတို့ပဲ သိပြီးသား ထားပါတော့ နော်။

ကိုင်း ဒါဖြင့် ခုနင်က ကိုယ်တော်ကြီးသည် အရိယာ ကို တွေ့ငြားသော်လည်း၊ ဦးဝ အရိယာလို့ သူသိရဲ့လား . . . (မသိပါဘူးဘုရား) မြင်နိုင်ခဲ့တယ်လို့ ဟိုကတောင် ဖြေလိုက် သေးတယ်။

## အရိယာကို သိနိုင်ခဲ့တယ်

ရဟန္တာက ဘယ်လိုဖြေလိုက်တုံး (မြင်နိုင်ခဲ့တယ်) အရိယာဟာ အင်မတန်သိနိုင်ခဲ့တယ် ဆိုတော့၊ မင်းမျက်လုံး မရှိဖူးလို့ ပြောလိုက်တာ၊ ဘာတဲ့တုံး . . . (မင်းမျက်လုံး မရှိဖူးလို့ ပြောလိုက်တာပါဘုရား) မျက်လုံးမရှိဖူးလို့ ပြောလိုက်တာ။

ကောင်းပြီ ဒါဖြင့် ခင်ဗျားတို့ ဒီခန္ဓာငါးပါး နာမကာယ၊ ရူပကာယဆိုတဲ့ ခန္ဓာငါးပါးဟာ ဘာသစ္စာတုံး . . . (ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာ။

ဩော် . . . ဒုက္ခသစ္စာ ဆိုတာတော့ စာလိုဟုတ် နေပြီတဲ့ စာဆိုဟုတ်နေပြီတဲ့၊ ခင်ဗျားတို့ ဉာဏ်ထဲမှာသာ ဒါဟာ ခန္ဓာငါးပါးဟာ ခန္ဓာငါးပါးပဲ၊ ဖောက်ပြန်ပျက်စီးမှုကို မမြင်သေးလို့ ရှိရင်ဖြင့် ဒါ ပကတိမျက်လုံးပဲထား (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဖောက်ပြန်ပျက်စီးတာမြင်လို့ရှိရင်ဖြင့် အရိယာ မျက်လုံးလို့ထား . . . (မှန်လှပါ) ရှင်းပလား . . . (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ အရိယာမျက်လုံးနဲ့ ပုထုဇဉ် မျက်လုံးသည် ပုထုဇဉ် မျက်လုံးက ခန္ဓာငါးပါးကိုသာ သူသိ တယ် သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ရူပက္ခန္ဓာလို့ ဆိုတော့ စမ်းကြည့်ရင်သိတယ်၊ ဝေဒနာက္ခန္ဓာဆိုတာ စားချင်သောက်ချင်တာတွေ၊ မကြိုက်တာတွေ၊ မကြိုက်တာ ဝေဒနာက္ခန္ဓာပဲ၊ ကြိုက်တာလည်း ဝေဒနာက္ခန္ဓာပဲ၊ ဒါ သိတာဘဲ ခင်ဗျားတို့။

ကောင်းပြီ ဖြူ နီ၊ ကြောင်၊ ကျား မှတ်နေတာ သညာက္ခန္ဓာဆိုတာ ခင်ဗျားတို့သိပြီး ကောင်းတာလုပ်မယ်၊ ဒီဥစ္စာ တိုက်တွန်းတာ မကောင်းတဲ့ဆီ တိုက်တွန်းတာကော စေတနာ သင်္ခါရက္ခန္ဓာဆိုတာ သိ။

## ဒါလောက်နဲ့အရိယာမျက်လုံးမဟုတ်သေးဘူး

အကောင်း အဆိုးနှစ်ပါးကို ဝေဖန်ပြီးသကာလ သိတာလည်း ဝိညာဏက္ခန္ဓာဆိုတဲ့အသိ၊ ဒါလောက်နဲ့ အရိယာမျက်လုံးမဟုတ်သေးဘူး၊ ရှင်းကြပလား။

ဒါလောက်နဲ့ အရိယာမျက်လုံး မဟုတ်သေးတော့၊ ဒါလေး၏ဖောက်ပြန်ပျက်စီးမှုကို မြင်ခဲ့သော်၊ ဩော် . . . ဒါတွေသည်ကား . . . ခဏခဏဖြစ်၍ ခဏခဏပျက်နေတဲ့ ခဏခဏ ဖောက်ပြန်နေတဲ့သဘော သူ့ရှိ မရှိ၊ . . . (ရှိပါတယ်) ရှိဘူးလား . . . (ရှိပါတယ်ဘုရား)။

အဲဒီ ရှိတဲ့သဘောလေးဆိုတော့၊ ခဏခဏ ဖောက်ပြန်တယ်ဆိုတာက ဒကာဒကာမတွေက မှတ်ထားရမယ်။

သရက်သီးလေးဟာ ဝါတယ်၊ ဝါရာက ပုပ်တယ်။ ဝါရာက ပုပ်တယ်ဆိုတော့ ဖောက်ပြန်တယ်ဆိုတာက ဩော် ဒီလိုကိုး မဆိုထိုက်ဖူးလား . . . (ဆိုထိုက်ပါတယ်ဘုရား)။

အဲဒါက ဖောက်ပြန်ပင် ဖောက်ပြန်ငြားသော်လည်း ခင်ဗျားတို့ စပ်၊ ရင့်လို့ပုပ်တယ်၊ ရင့်တာနဲ့ ပုပ်တာနဲ့ စပ်နေတယ် . . . (မှန်ပါ)။

## ရင့်တာမရှိလို့ပုပ်တာရှိတယ်

ဒီလိုမစပ်ရဘူးတဲ့ ရင့်တာမရှိလို့ ပုပ်တာရှိတယ်လို့ အဆက်ပြတ်ရမယ်၊ သဘောကျရဲ့လား၊ ရင့်တာတွေ အကုန်မရှိ၊ ပုပ်တာချည့် သက်သက်ရှိတယ်လို့ သိမှ . . . (တင်ပါ့) သူ့ဟာနဲ့သူ ဆက်နေရင်လည်း ယတိမပြတ်ဘူး . . . (မှန်လှပါ)။

ပြတ်ပါ့မလား . . . (မပြတ်ပါဘူးဘုရား)။ မပြတ်တော့ကိုး ဒကာဒကာမတို့ တစ်ခုတစ်ခု ဩော် တစ်ခုချုပ်ပြီး တစ်ခုအသစ်ပေါ်တယ်လို့ သိရမယ်။

ဘာတဲ့ . . . (တစ်ခုချုပ်ပြီး တစ်ခုအသစ်ပေါ်ပါတယ်ဘုရား) တစ်ခုချုပ်ပြီး တစ်ခုအသစ်ပေါ်တယ်လို့ သိမှ သာလျှင် ဘုန်းကြီးတို့ ဒကာဒကာမတွေ၌ အရိယာမျက်လုံး အစစ်။

## ဒါမှအရိယာမျက်လုံးအစစ်

တစ်ခုချုပ်ပြီးတော့ တစ်ခုဖြစ်တယ်၊ ဒီလိုသိရင် ဘာဆိုကြမယ် . . . (အရိယာမျက်လုံးအစစ်ပါဘုရား)။

ဒါဖြင့် နောက်တစ်ခုဖြစ်တယ်၊ တစ်ခုချုပ်ပြီး တစ်ခု ဖြစ်တယ်နော် . . . (တင်ပါ့) အဲဒီ ဖြစ်တဲ့ တစ်ခုဟာလည်း သူချုပ်ပြီးရင် ဘာလာမယ်ထင်တုံး . . . (နောက်တစ်ခု) နောက်တစ်ခုဖြစ်တော့ သူဟာ ဒကာဒကာမတို့ သန္တာန်၌၊ သူနဲ့ နောက်ပေါ်မှာနဲ့ ဟာက နည်းနည်းမှ အဆက်အသွယ် မရှိဘူး၊ ပျောက်တာကလည်း လုံးလုံး ပျောက်တာ။

ပေါ်တာကလည်း သီးသန့်ပေါ်လာတာပါ . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား) ပျောက်တာက ဘာတုံး . . . (လုံးလုံးပျောက်တာပါဘုရား) သီးသန့် ပျောက်တယ်၊ လုံးလုံးသီးသန့်ပျောက်တယ် . . . (တင်ပါ့)။

ပေါ်တာကကော . . . (နောက်က) သီးသန့်ပေါ် လာတာဘဲ။ ဩော် ဒါဖြင့် ပျောက်တဲ့သဘောသည်ကားဆိုလို့ ရှိရင် ပျောက်သွားတဲ့ ဖြစ်ခြင်းသည်ကားလို့ဆိုရင်၊ ကျုပ်တို့ လူသေတယ် ဆိုပေမဲ့ အလောင်းကြီး ကျန်နေတဲ့ သဘော မျိုး . . . (မှန်လှပါ)။

အဲ့ဒါ မကြည့်ရဘူး၊ ပျောက်တယ်ဆိုရင် လုံးဝပျောက် ဖြစ်တာ၊ အစားထိုးတာကလည်း ဒီနေရာမှာ အစားထိုးလာ

တာကလည်း ပြော် . . . သူ အသစ်တစ်ခုဘဲ၊ သဘောကျ ပလား . . . (မှန်လှပါ)။

ပျောက်တာကလည်း လုံးလုံးပျောက်တာဘဲ . . . (မှန်ပါ့) ဒါဖြင့် ပျောက်တာ လုံးလုံးပျောက်နဲ့ အသစ်တစ်ခု အစားထိုးတာ မရောမစပ်ဘဲနဲ့ အစားထိုးတာ ဒီနှစ်ခု ကွဲရမယ် ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## အရိယာမျက်လုံးတပ်တဲ့အခါ

အရိယာမျက်လုံး တပ်တဲ့အခါကျတော့ ပျောက်တာကလည်း ဘာတုံး . . . (လုံးလုံးပျောက်) ကျေနပ်ကြပလား . . . (တင်ပါ့)။

ဒီနေရာ အစားထိုးလာတာကရော . . . (သီးသန့်ပါ) သီးသန့် သူဘယ်သူနဲ့မှ မရောယှက်ဘူး၊ သဘောကျပလား . . . (မှန်ပါ့) ပျောက်တာလည်း ဘာတုံး . . . (လုံးလုံး ပျောက်ပါဘုရား)။

လုံးလုံးပျောက်တာ ဘာပြာမှ မကျန်ရစ်စေနဲ့ ကိုထွန်းဦး (မှန်ပါ့) ဘာမှ မကျန်ရစ်စေနဲ့နော် . . . (မှန်ပါ့) အစားထိုးတာကရော . . . (သီးသန့်ပါဘုရား) သီးသန့် အစားထိုးတာဆိုတော့ ဒကာဒကာမတို့၊ ပြော် . . . ဒီ အပျောက်သည်စားလို့ ဆိုလို့ရှိရင်ဖြင့်၊ ဒုက္ခအကြီးဆုံး

ရောက်တဲ့ အပျောက်၊ သဘောကျကြပလား . . . (ကျပါတယ်ဘုရား)။

ဒုက္ခ အကြီးဆုံးရောက်တဲ့ အပျောက် . . . (မှန်လှပါ) ဘာကြောင့်တုံးလို့ မေးတဲ့ အခါကျတော့ မီးလောင်တယ်၊ အတွင်းပစ္စည်းရလိုက်သေးတယ်၊ ကဲ- ပျောက်ကော ပျောက်ကဲ့လား၊ အတွင်းပစ္စည်းရလိုက်သေးတယ်လို့ ဆိုတော့ တော်သေးရဲ့ ဆိုတဲ့ တဏှာက မလာဘူးလား . . . (လာပါတယ်ဘုရား)။

## ဒါဒုက္ခသစ္စာအစစ်မဟုတ်သေးဘူး

မီးလောင်တယ်၊ အိမ်တော့ဖြင့် ပြာကျသွားတာဘဲ၊ တိုက်လည်းပြာကျသွားတာဘဲ၊ အတွင်းပစ္စည်းတွေတော့ ပြန်ရပါသေးတယ်ဆိုတော့ ဒီပျောက်ပင်ပျောက်ငြားသော်လည်း၊ ဒီဥစ္စာကို ဒုက္ခအစစ်လို့ သူ့ယူရဲ့လား (မယူပါဘူးဘုရား)။

မယူဘူးတဲ့ ကျန်သင့်သလောက် ကျန်သေးတဲ့ အတွက် သုခကျန်သေးတယ် . . . (မှန်ပါ့) သုခကျန်နေသေးတယ် (ကျန်နေပါတယ်ဘုရား)။

ဟိုက ဒုက္ခက တစ်ဝက်၊ သုခက တစ်ဝက်ဖြစ်နေတယ်၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

ဒါဖြင့် အပျောက်လုံးလုံးကော ဟုတ်ရဲ့လား . . . (မဟုတ်ပါဘူးဘုရား) အဲဒီ လုံးလုံးမဟုတ်သေးလို့ ရှိရင် ဒုက္ခသစ္စာ မပျောက်သေးဘူး၊ ရှင်းပလား . . .။

ဒုက္ခသစ္စာ မပျောက်သေးပုံ ပေါ်ပလား . . . (ပေါ်ပါပြီဘုရား) တိုက်တစ်အိမ်နဲ့ မီးလောင်သွားတယ်၊ အတွင်းပစ္စည်း လိုချင်တဲ့ အထုပ်ကလေး ရလိုက်သေးတယ်။

ဒီပျောက်သည် ဘာပျောက်တုံး ဆိုလို့ရှိရင်ဖြင့်၊ ဒုက္ခနဲ့ သုခ စပ်ပြီးသကာလ နေတဲ့အတွက် သူ့စိတ်ထဲမှာ တဏှာ ရော နေသေးတယ် . . . (မှန်ပါ့) မဆိုနိုင်ဘူးလား . . . (ဆိုနိုင်ပါတယ်ဘုရား)။

## သတိထားဖို့ နည်းပေးနေတာ

ဆိုနိုင်တော့ကို၊ ဒါအရိယာတို့၏ အပျောက်က ဒီအပျောက်မျိုးလို့ ဆိုကြမလား . . . (မဟုတ်ပါဘူး) အရိယာပျောက်က ခင်ဗျားတို့ရှုတဲ့အခါမှာ သတိထားဖို့ ခု နည်းပေးနေတာ။

အခု ပေါ်လာတဲ့ ဓမ္မလေးဟာ ဒီနေရာမှာချည့်ဖျတ်ခနဲ အကြောင်းတိုက်ဆိုင်လို့ ပေါ်လာတယ်၊ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ဒီနေရာ မရှုပဲနဲ့ ဖျတ်ခနဲ ပျောက်သွားတာလေးဟာ၊

ဪော် ဒီနေရာမှာ ပေါ်ပြီး၊ ဒီနေရာမှာ ပျောက်သွားပါလား၊ ဘယ်မှလည်း မတွေ့နိုင်ဘဲနဲ့ ပျောက်သွားတယ်။

ပေါ်တော့ကော . . . (ဒီနေရာပေါ်ပါတယ်ဘုရား) ပျောက်တော့ကော . . . (ဒီနေရာ ပျောက်ပါတယ်ဘုရား) ဒါဖြင့် ဒီတရားလေးဟာ ပေါ်တော့လည်း ဘယ်ကလာတယ်လို့ မသိဘူး . . . (မှန်ပါ့)။

ပျောက်သွားတော့လည်း ဘယ်သွားတယ်လို့ . . . (မသိပါဘူးဘုရား) အဲဒီ ဒီနေရာတင်ပေါ်၊ ဒီနေရာတင် ပျောက်တဲ့ အပျောက်ဟာ၊ **ဝိပရိနာမ ဒုက္ခသစ္စာ** အဲ့ဒါကို ဘုန်းကြီးက မျက်လုံးတပ်ပေးမှာ ရှင်းပလား။

အဲဒါ တပ်ပေးလိုက်တော့ ဒီနေရာတင် ဘယ်ကလာပြီး ပေါ်တယ်လဲ မသိဘူး၊ ပျောက်သွားတဲ့အခါလဲ ဘယ်ကို သွားတယ်လို့ မသိဘူး။

## အဖြစ်နဲ့အပျောက်သေချာမြင်မှ အရိယာမျက်လုံး

အဲဒီအဖြစ်နဲ့ အဲဒီအပျောက်ကို ခင်ဗျားတို့ သေသေချာချာမြင်လို့ရှိရင်၊ ဒါ အရိယာမျက်လုံး တပ်မိပြီလို့ ဆုံးဖြတ်ချက်ချ ကိုထွန်းဦး၊ ဒါ အလုပ်နော် . . . (မှန်ပါ့) အားလုံး ဒကာဒကာမတွေ မပျင်းကြနဲ့ . . . (မှန်ပါ့)။

ဪော် . . . ဒီနှစ်ခု တိုက်တာနဲ့ဘဲ ဒီနေရာ ဖျတ်ခနဲ

မပေါ်ဘူးလား . . . (ပေါ်ပါတယ်ဘုရား)။

ကောင်းပြီ ပေါ်တာတော့ ခင်ဗျားတို့ သိပြီ၊ ဒီက အောက်က အမာနဲ့ အပေါ်က အမာနဲ့ နှစ်ခု ထိခိုက်တာနဲ့ မပေါ်ဘူးလား၊ ပေါ်လား . . . (ပေါ်ပါတယ်ဘုရား)။

ဘာဝေဒနာပေါ်တုံး . . . (ဒုက္ခဝေဒနာပေါ်ပါတယ် ဘုရား) နဂိုက ရှိနှင့်သလား မေးရင်ကော . . . (မရှိပါဘူး ဘုရား) မရှိနိုင်ဘူး။

ဒါဖြင့် ခု အကြောင်းတိုက်ဆိုင်လို့ ပေါ်တယ် . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား) ကိုင်း ပေါ်ရာဌာန သည် ဘယ်က လာပေါ်တယ်ဆိုတာမျိုး ခင်ဗျားတို့ ပြောနိုင် သေးရဲ့လား . . . (မပြောနိုင်ပါဘူးဘုရား)။

ရေငုပ်သလို မင်းဟိုနားက ငုပ်ပြီး ဒီပေါ်တာပါလို့ ပြောနိုင်ရဲ့လား . . . (မပြောနိုင်ပါဘူးဘုရား) မပြောနိုင်ဘူး ဒီနေရာမှာ နှစ်ခု အပေါ်နဲ့အောက်နဲ့ ထိလို့ ဘာပေါ်လာ တုံး . . . (ဒုက္ခဝေဒနာပေါ်လာပါတယ်ဘုရား)။

## ပျောက်တော့ဘယ်သွားတုံး

ဒုက္ခ ဝေဒနာလေးပေါ်လာတယ်၊ ပေါ်တာတော့ ရှိပါစေတော့ ဦးသာဌေးတို့ ကိုထွန်းဦးတို့ . . . (မှန်ပါ့)။

ပျောက်တော့ ဘယ်သွားတုံးမေးလိုက်တယ် . . .

(ပြောလို့ မရပါဘူးဘုရား) ပျောက်တော့လည်း မမြင်ရာဘဲ သွားတယ်လို့ . . . (မရှိ မမြင်ရာပါ) မရှိ မမြင်ရာဘဲလို့ မဆို နိုင်ဘူးလား . . . (ဆိုနိုင်ပါတယ်ဘုရား)။

ဒါဖြင့် ဒီအပေါ်နဲ့ ဒီအပျောက်သည် မရှိမမြင်ရာက ဟုတ်လား ပေါ်လာတယ် ဟုတ်လား . . . (မှန်ပါ့) ပျောက် သွားတော့လည်း၊ ကျုပ်တို့ မလှမ်းနိုင်တဲ့ နေရာဘဲ ပျောက် သွားတယ် . . . (မရှိမမြင်ရာ ပျောက်ပါတယ်ဘုရား)။

ဒီအတိုင်းဘဲ အဲဒီတော့ကို ဒါလေးဟာက ဒကာ ဒကာမတို့ အထည်ရှိရဲ့လား မရှိဘူးလားလို့သာ မေးလိုက်ပါ တော့ . . . (မရှိပါဘူး) အထည် မရှိဘူး။

သဘောတော့ ဒီနာတဲ့ သဘောလေးရှိတယ်။ ယားတဲ့ သဘောလေး . . . (ရှိပါတယ်ဘုရား) ဒီသဘော လေးဟာ ဘယ်ကလာပေါ်သတုံး မေးတော့လည်း ဩဘ် အကြောင်းတိုက်ဆိုင်လို့ ပေါ်တယ်လို့ ဖြေကြပါ . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဘယ်လိုအကြောင်းတိုက်ဆိုင်တုံး၊ အောက်ကလည်း မသေတဲ့ အသားနဲ့ လူမသေသေးတဲ့ အသား . . . (မှန်ပါ့) ဒီကလည်း လူမသေသေးတဲ့ လက်ညှိုးနဲ့ ခြစ်လိုက်တယ်၊ ပေါ်ပြီ၊ သူတို့အကြောင်း တိုက်ဆိုင်လို့ ပေါ်ပြီ . . . (မှန်ပါ့)။

စာလိုသုံးတော့ ကာယဝိညာဏ်ပဲ၊ သူ့ဟာက . . .

(မှန်ပါ့) ဟုတ်ဖူးလား . . . (မှန်လှပါ)။

ဟော့ဒီ အောက်ခံ ကာယကိုလည်းကောင်း၊ သဘောကျပလား၊ ဟောဒီ လက်သည်းအမာလေးကို လည်းကောင်း၊ နှစ်ခုစပ်၍ ကာယဝိညာဏ်သည် ဖြစ်၏ . . . (မှန်ပါ့)။

မလာဘူးလား . . . (လာပါတယ်ဘုရား) ဒါဆိုရင် ငြင်းစရာလိုသေးသလား . . . (မလိုပါဘူးဘုရား) ဒါဖြင့် ဒါလေး ဘယ်ကလာတုံး မေးလို့ရှိရင်ဖြင့်၊ အကြောင်းတိုက် ဆိုင်လို့ လာတယ်၊ ဟုတ်လား။

## ရှိလည်းရှိတယ် ပျောက်လည်းပျောက်တယ်

အကြောင်းတိုက်ဆိုင်တဲ့ အချိန်ဆိုတာ၊ ကုန်တော့ ဘာဖြစ် သွားတုံး . . . (ပျောက်သွားပါတယ်ဘုရား)။ ပျောက်သွားတော့ ဩော် ရှိလည်းရှိတယ်၊ ပျောက်လည်း ပျောက်တယ်လို့ မဆိုနိုင်ကြဘူးလား . . (ဆိုနိုင်ပါတယ် ဘုရား)။

ဒါဖြင့် ကျုပ်တို့ ခန္ဓာကိုယ်ထဲမှာ ဒါမျိုးချည့် မြင်ရ မယ်၊ ပေါ်လည်းရှု ပေါ်လည်းပေါ်တာပဲ၊ ပျောက်ကော . . . (ပျောက်ပါတယ်ဘုရား) ပေါ်လည်း ပေါ်တယ်၊ ပျောက်

လည်း ပျောက်တယ်လို့ ခင်ဗျားတို့ သိတော့၊ ဒီခန္ဓာကိုယ် ထဲမှာ ရုပ်ကြည့်လိုက်လည်း အင်း ပေါ်လည်းပေါ်တယ်၊ ပျောက်လည်းပျောက်တယ်။

နာမ်ဘက်ကြည့်လိုက်ပြန်ရင်ကော . . . (ပေါ်လည်း ပေါ်တယ်၊ ပျောက်လည်း ပျောက်ပါတယ်ဘုရား) ဖြစ်လည်း ဖြစ်တယ် ပျက်လည်း ပျက်တယ်ပေ့ါဗျာ၊ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

အဲဒါတွေ မြင်လိုက်သည်နဲ့ တစ်ပြိုင်နက်တည်း၊ ဩော် . . . ယောကျ်ားလည်း မဟုတ်ပါလား၊ မိန်းမလည်း မဟုတ်ပါလား၊ အဖြစ်အပျက် သက်သက်ပါလား မဆိုနိုင် ဘူးလား . . . (ဆိုနိုင်ပါတယ်ဘုရား)။

ယောကျ်ား၊ မိန်းမ ပျောက်ထွက်သွားတယ်၊ ဘာ တင်ကျန်ရစ်တော့တုံး . . . (အဖြစ်အပျက်ဘဲ ကျန်ပါတယ် ဘုရား) အဖြစ်အပျက်သက်သက်ဘဲ ကျန်ရစ်တော့တယ် မနေဘူးလား . . . (နေပါတယ်ဘုရား)။

အဲ့ဒါက ပညာစက္ခုနဲ့ မြင်တာ၊ ယောကျ်ားမိန်းမ အထူးဖယ်နေရသေးလား . . . (မဖယ်ရပါဘူးဘုရား) . . . သဘောကျပလား . . . (ကျပါတယ်ဘုရား) ယောကျ်ားမိန်းမ အထူးဖယ်ရသေးလား . . . (မဖယ်ရပါဘူးဘုရား)။

## အရိယာမျက်လုံးတပ်ပေးလိုက်ပြီ

မတူဘူးတဲ့ ဒီဥစ္စာ သူက ဘာတုံး၊ အဖြစ်နဲ့ အပျက်သာသူက ဉာဏ်တည့်တာ၊ အဲဒီတော့ဒီမျက်လုံးသည် ပကတိမျက်လုံးလား၊ အရိယာမျက်လုံးလားသာ မေးကြည့် . . . (အရိယာမျက်လုံးပါဘုရား) ရှင်းပလား . . . (ရှင်းပါပြီ)။

ပကတိမျက်လုံးနဲ့ကြည့် လိုက်လို့ရှိရင်၊ ဒါအတုံးအတစ်မြင်မှာပဲ၊ မြင်ကြပေဘူးလား . . . (မြင်ပါတယ်ဘုရား) ဝ,တယ်၊ ပိန်တယ်၊ လှတယ်၊ ချောတယ်၊ ကွေးတယ်၊ ကောက်တာ၊ ဟုတ်လား စောင်းတယ်၊ ရွဲ့တယ် ဒီလိုမလာဘူးလား . . . (လာပါတယ်ဘုရား)။

ခု-အရိယာမျက်လုံးတပ်ပေးလိုက်တော့၊ ဒီတရားငါးခုက သူနေရာနဲ့သူအကြောင်းတိုက်ဆိုင်ရင် သူပေါ်လည်းပေါ်တယ်။ ပျက်လည်း ပျက်တယ်၊ ဒီအကြောင်း လေးခုကလည်း သူတို့အကြောင်း တိုက်ဆိုင်ရင်ပေါ်လည်း ပေါ်တယ်၊ ပျက်ကော . . . (ပျက်ပါတယ်ဘုရား)။

ဒါဖြင့် ပေါ်တာ၊ ဖြစ်တာ၊ ဖြစ်တာ - ပျက်တာ ဟုတ်လား၊ ဒါဖြင့် ခန္ဓာကိုယ်တစ်ခုလုံးမှာ ဘာသာလျှင်ရှိသတုံး မေးလိုက် . . . (ဖြစ်ခြင်းနဲ့ ပျက်ခြင်းရှိပါတယ်) ဖြစ်ခြင်းပျက်ခြင်းရှိတယ်။ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

## မျက်လုံးမှိတ်ကြည့်

အဲတော့ ဖြစ်ခြင်းနဲ့ပျက်ခြင်းရှိတော့ကိုး၊ ဒကာ ဒကာမတွေကို ဘုန်းကြီးက ဉာဏ်ပြောင်းပေးလိုက်ပြီ၊ ဒကာ ဒကာမတွေ ကြည့်ပေးပါ။ ကြည့်ပေးပါ။ မျက်လုံးမှိတ်ပြီး ကြည့်နော်၊ မျက်လုံးမှိတ်ရသေးတယ်၊ မနောဒွါရကနေ ကြည့်မှ မြင်မှာကိုးဗျ . . . (မှန်ပါ့)။

ဒီ စက္ခုဒွါရဆိုတဲ့ မျက်လုံးနဲ့ ကြည့်လို့တော့ မမြင်ဘူး . . .၊ (မှန်ပါ့) သဘောကျရဲ့လား . . . (ကျပ့ါတယ်ဘုရား) မနောဒွါရနဲ့ ကြည့်ပါ။ မနောဒွါရနဲ့ စောင့်ပြီး သကာလ ခန္ဓာကိုယ်ထဲမှာကြည့်၊ ဘာမှမလုပ်နဲ့၊ စောင့်ကြည့်နေ၊ ဘယ်ဟာကိုမှ နှလုံးသွင်းပြီးသကာလ မနေနဲ့၊ စောင့်နေတဲ့သဘောနဲ့သာ စောင့်နေ၊ စောင့်နေတဲ့အခါကျလို့ ရှိရင်ဖြင့်၊ ခင်ဗျားတို့ ခန္ဓာကိုယ်ထဲမှာ ယားတာရင်လဲလာ လိမ့်မယ်။

ပူတာရင်လဲ လာလိမ့်မယ်၊ ညောင်းတာရင်ကော . . . (လာမှာပါဘုရား) ရှေးဦးစွာ သူ့အရင်တွေ့တတ်တယ် . . . (မှန်ပါ့)။

ဘယ်က လာတာတုံးမေးလိုက် သူ့ကို သဘောကျပလား . . . (မှန်ပါ့) ယားတာလေးလာရင်ကော မင်း ဘယ်ကလာတာတုံးမေးလိုက်ပါ့လား . . . (တင်ပါ့ဘုရား)။

## ဒီနေရာပေါ် ဒီနေရာပျောက်

ပျက်သွားတဲ့အခါကျတော့၊ မင်းဘယ်သွားသတုံးလို့ ကြည့်လိုက်တဲ့အခါကျတော့၊ ပေါ်တာလည်း ဒီနေရာပေါ်တာ၊ ပျက်ပြီးသကာလ ပျောက်သွားတာလည်း ဒီနေရာပဲ ဆိုတော့၊ ဩော် ဒီဥစ္စာ ဖြစ်ပြီး ပျက်သွားတဲ့သဘောဟာ၊ ဝေဒနာက ပေါ်လာရင် ဝေဒနာ့သဘော၊ သညာက ပေါ်လာရင် . . . (သညာသဘောပါဘုရား)။

စေတနာကပေါ်လာရင် . . . (စေတနာသဘောပါဘုရား) အဲ စိတ်ကပေါ်လာရင် . . . (စိတ်သဘောပါဘုရား) စိတ်သဘောပဲ၊ ရုပ်ကပေါ်လာရင် . . . (ရုပ်သဘောပါဘုရား)။

အဲတော့ သူတို့ကသဘောခြင်း မတူညီမျှကြဘူးလား သူလည်း (ဖြစ်ပျက်) သူတို့ငါးခုစလုံးဘယ်လိုဆိုကြမတုံး . . . (ဖြစ်ပျက်ပါဘုရား)။

## လွန်ကဲတာတစ်ခုကိုရှုပါ

ဖြစ်ပျက်၊ ငါးခုစလုံး ဖြစ်ပျက်ချည့် ဖြစ်ပြီးသကာလ နေတော့၊ ငါးခုစလုံးဟာ တစ်ခုတည်း၊ တစ်ပြိုင်တည်းတော့ မဖြစ်နိုင်ဘူး၊ ဒီအထဲက လွန်ကဲတာ တစ်ခုတော့ ဖြစ်ပျက်တာကို ခင်ဗျားတို့ ရှုဖို့ . . . (မှန်ပါ) ရိပ်မိပလား . . . (မှန်လှပါ)။

လွန်ကဲတာ တစ်ခုကိုတော့ ဖြစ်ပြီးပျက်တယ်လို့ ဦးဝကြီးတို့ ရှုပါ၊ အကုန် ငါးခုစလုံးဆိုလို့ရှိရင် ဘုရားတောင် မနိုင်ဘူး . . . (မှန်လှပါ)။

ဘုရားတောင် မရှုနိုင်ဘူး၊ ဒီဥစ္စာ ရိပ်မိကြပလား . . . (မှန်ပါ) ဒါဖြင့်တစ်ခုတည်း ဆိုလို့ရှိရင် မရပေဘူးလား။

ကဲ . . . ဒါဖြင့် ဒကာဒကာမတို့ တစ်ခုထဲ ဆိုလို့ရှိရင် ကဲ အားလုံးဒကာဒကာမတွေ လွယ်ကူမလား၊ မလွယ်ကူဘူး လား မေးကြ . . . (လွယ်ကူပါတယ်ဘုရား) စောင့်ကြည့်နေ ရင် တစ်ခုတော့ ပေါ်ရမှာဘဲ . . . (ပေါ်ရမှာပါဘုရား) မပေါ် ပေဘူးလား . . . (ပေါ်မှာပါဘုရား)။

ထိုင်နေ၊ အားလုံး ဒကာဒကာမတွေရ မျက်လုံးမှိတ် ပြီးတော့ထိုင်၊ ထိုင်နေလို့ရှိရင်ဖြင့် ခင်ဗျားတို့ စမ်းကြည့်၊ ထိုင် စမ်းကြည့်ပါ၊ ဦးဘကြည်တို့ အကုန်စမ်းကြည့်ပါ။

ယားတာ၊ နာတာ၊ ကိုက်တာ၊ ခဲတာဟာ တစ်ခုပေါ် ချင်တာပေါ်မယ်၊ တစ်နည်းအားဖြင့် စားချင်တာ၊ သောက် ချင်တာ၊ ဆာတာ၊ မွတ်သိပ်တာ ပေါ်ချင်လည်း ပေါ်မယ် . . . (မှန်ပါ)။

ကိုက်တာ၊ ခဲတာရင်ကော . . . (ပေါ်ပါတယ်ဘုရား) ပေါ်တော့ အဲဒီ ပေါ်တာဟူသ၍သည် ဩော် ပေါ်ပြီလို့သာ ခင်ဗျားတို့ သိနေ၊ ပေါ်ပြီ သိရင် ပျက်တာသိတယ်၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ပေါ်ပြီလို့ သိရင်ဘာတုံး . . . (ပျက်တာသိပါတယ် ဘုရား) ဘာပြုလို့တုံး၊ သူ့သက်တမ်းက တစ်-နှစ်ကိုဗျ တစ်မှာ ပေါ်တယ် . . . (မှန်ပါ) နှစ်ဆိုတော့ . . . (မရှိတော့ပါဘူး) ပျက်သွားပြီ။

ဥဒယနဲ့ ဝယ ရှိတာကိုး၊ ရိပ်မိကြပလား . . . (ရိပ်မိပါတယ်ဘုရား) အဲတော့ အဲဒါတွေပေါ်ပျက်၊ ပေါ်ပြီးပျက်တာလေးကို ခင်ဗျားတို့က စောင့်နေတဲ့ ပုဂ္ဂိုလ်ဆိုတော့ မတွေ့ပေဘူးလား၊ တွေ့လား . . . (တွေ့ပါတယ်ဘုရား)။

စောင့်နေတဲ့ ပုဂ္ဂိုလ်ဆိုတော့ တွေ့ပြီနော်၊ ဒကာဒကာမတို့ (မှန်ပါ) တွေ့နေတော့ကို အားလုံး ဒကာဒကာမတွေက ဩော် မမြင်ရာ အရပ်က လာပြီး၊ မမြင်ရာအရပ်သွားတာဘဲဆိုတော့၊ အသွားအလာစကားက ဝိသုဒ္ဓိမဂ်ကပါနေတော့ ဒီအသွား အလာ ဟာကိုပင်လျှင်၊ ဒကာဒကာမတွေက သံသယရှိတယ် . . . (မှန်ပါ)။

သံသယရှိတော့ ဒီနေရာပေါ်ပြီး ဒီနေရာပျောက်တယ်၊ ဒါနဲ့ သိမ်းထားလိုက်ပါ ခင်ဗျားတို့ . . . (မှန်လှပါ) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဘယ်လိုပါလိမ့် . . . (ဒီနေရာပေါ်ပြီး၊ ဒီနေရာပျောက်ပါတယ်ဘုရား) ဒီနေရာပေါ်ပြီး ဒီနေရာပျောက်တယ်၊ ကောင်းပြီ သူ့ကို ခန္ဓာလေးဖွဲ့ကြည့်ရအောင်။

ဒီနေရာမှာ နာပြီး၊ ဒီနေရာမှာ ပျောက်တော့ နာတာ ဘာတုံးဆိုတော့ ဝေဒနာက္ခန္ဓာ၊ မဆိုထိုက်ကြဘူးလား . . . (ဆိုထိုက်ပါတယ်ဘုရား)။

ဝေဒနာက္ခန္ဓာဆိုတာက ခင်ဗျားတို့ ခန္ဓာကိုယ်ကြီးထဲမှာ ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ မရှိဘူးလား. . . (ရှိပါတယ်ဘုရား) သညာက္ခန္ဓာအစရှိသည်နဲ့ မရှိဘူးလား. . (ရှိပါတယ်ဘုရား)။

ဩော် . . . ဒီကျတော့ မိမိဖြစ်ပြီး၊ မိမိပျက်တာ ခင်ဗျားတို့ ဉာဏ်ကမသိမ်းနိုင်ဘူးလား၊ သိမ်းနိုင်လား . . . (သိမ်းနိုင်ပါတယ်ဘုရား) မသိမ်းနိုင်ဘူးလား . . . မိမိဖြစ်ပြီးတော့ ဘာတုံး . . . (မိမိပျက်တာပါဘုရား)။

## မိမိမွေးပြီး မိမိသေတာ

ဩော် . . . ဒါဖြင့် မိမိမွေးပြီး၊ မိမိသေမဆိုနိုင်ဘူးလား . . . (ဆိုနိုင်ပါတယ်ဘုရား) သူများသေတာလား၊ ခင်ဗျားတို့ ကိုယ်တိုင် ခင်ဗျားတို့ ခန္ဓာ၊ ခင်ဗျားတို့ ခန္ဓာလို့ ထင်နေတဲ့ ဥစ္စာကိုဘဲ၊ ခင်ဗျားတို့ခန္ဓာက ခု ဝေဒနာက္ခန္ဓာ ပေါ်ပြီး ယျှဝေဒနာက္ခန္ဓာ အနိစ္စရောက်သွားတာဘဲ။ မဆိုနိုင်ဘူးလား . . . (ဆိုနိုင်ပါတယ်ဘုရား)။

ဆိုနိုင်တော့ ဒီဥစ္စာဟာ ပကတိမျက်လုံးနဲ့ကြည့်တော့

မမြင်ဘူးတဲ့၊ စောင့်ပြီး ဘုန်းကြီးက မျက်လုံးမှိတ်ပြီး စောင့်ကြည့်နေပါဆိုတော့၊ အားလုံး ဒကာဒကာမတွေ မြင်မလား၊ မမြင်ဘူးလား . . . (မြင်ပါတယ်ဘုရား) မြင်မှာဘဲ။

ဉာဏ်နဲ့မြင်မှာဘဲ ဆိုပါစို့ . . . (မှန်ပါ) ဒီအမြင်ဟာ ဘာအမြင်တုံးဆိုလို့ရှိရင် ပုထုဇဉ် အမြင်လား၊ အရိယာအမြင်လား သာဝေဖန်တော့ . . . (အရိယာအမြင်ပါဘုရား)။

အရိယာအမြင် အသေအချာစတာ . . . (မှန်ပါ) ရှင်းပလား . . . (မှန်ပါ) အရိယာအမြင် အသေအချာ မစသေးဘူးလား . . . (စပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့သည် စောင့်ပြီးကြည့်နေတဲ့အလုပ်ဟာ၊ ခင်ဗျားတို့၏ ဝိပဿနာအလုပ်၊ စောင့်နေတာက လာရင်ဖမ်းမယ်လို့ စောင့်နေတာက သမာဓိနဲ့ စောင့်နေတာ . . . (မှန်ပါ) ဖမ်းလိုက်တာပညာနဲ့ ဖမ်းလိုက်တယ် . . . (မှန်ပါ)။

စောင့်နေတာ ဘာနဲ့စောင့်နေတုံး . . . (သမာဓိနဲ့စောင့်နေတာပါဘုရား) ဩော် . . . အဖြစ်ကလေးနဲ့ အပျက်ကလေးပဲလို့ ဖမ်းလိုက်တာက . . . (ပညာနဲ့ပါဘုရား) သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ဒါဖြင့် အဲဒီအချိန်မှာ ဒကာဒကာမတွေက မှတ်လိုက်ပါတဲ့၊ အရိယာဖြစ်တယ်၊ မဖြစ်တယ် ဘုန်းကြီးရှင်းပြပါ့မယ်၊

စောင့်နေတာက သမာဓိနော် . . . (မှန်ပါ့) ဖမ်းလိုက်တာက . . . (ပညာပါဘုရား)။

## ဒီသုံးခုကအစောင့်သမား

ဒါဖြင့် စောင့်နေတာက သမာဓိ၊ ဖမ်းလိုက်တာက ပညာဆိုသဖြင့် သမာဓိမဂ္ဂင်က သတိရယ်၊ ဝီရိယရယ် ဟုတ်လား (မှန်ပါ) သမာဓိရယ်၊ ဒီသုံးခုကတော့ ခွဲလို့မရဘူး၊ ဒါ စောင့်နေတဲ့ တရားသုံးခု . . . (မှန်ပါ)။

ခင်ဗျားတို့ ခန္ဓာကိုယ် စောင့်နေတဲ့တရားသုံးခု၊ ဘယ်နှစ်ခုပါလိမ့် . . . (သုံးခုပါဘုရား) စောင့်တာသုံးခု၊ စောင့်လို့ ပေါ်လာတဲ့ အချိန်မှာ ဖမ်းလိုက်တာ ခေါင်း၊ ရှေ့တက်ပြီး ဖမ်းလိုက်တာ သမ္မာသင်္ကပ္ပ နဲ့ သမ္မာဒိဋ္ဌိ ပညာ၊ ပညာမဂ္ဂင် (၂)ပါး (မှန်လှပါ) ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား)။

ပညာမဂ္ဂင်ရှေ့ကဘာတုံး . . . (ပညာမဂ္ဂင်ပါဘုရား) နောက်က . . . (သမာဓိမဂ္ဂင်ပါဘုရား) သမာဓိမဂ္ဂင်၊ သမာဓိမဂ္ဂင်က သုံးပါး၊ ပညာမဂ္ဂင်က . . . (နှစ်ပါးပါဘုရား) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ပထမဟာတော့ သမာဓိမူတည် ဆိုတော့ ဒါလေးနဲ့ စောင့်ခိုင်းတာ . . . (မှန်လှပါ) ရိပ်မိပလား . . . (မှန်ပါ) ဖမ်းတဲ့အခါကျတော့ သူတို့က မဖမ်းတတ်ဘူး . . . (မှန်ပါ) ဖမ်းတတ်ပါ့မလား . . . (မဖမ်းတတ်ပါဘူးဘုရား)။

မဖမ်းတတ်တော့၊ ဩော် ဒီနေရာပေါ် ဒီနေရာ ပျောက်ပါ လားလို့ သိတာက သူတို့နှစ်ခုကသိတာ . . . (မှန် လှပါ) သူတို့နှစ်က အဖမ်းသမား . . . (မှန်ပါ) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## သူတို့နှစ်ခုက အဖမ်းသမား

သူတို့နှစ်ခုက . . . (ပညာမဂ္ဂင်) အဖမ်းသမား သူတို့ သုံးခုက . . . (အစောင့်သမား) သူတို့နှစ်ခုက . . . (အဖမ်း သမားပါဘုရား)။

ဖမ်းလိုက်တဲ့ အခါကျတော့ ခုနက ဖြစ်ပျက် မမိဘူး လား၊ မိလား . . . (မိပါတယ်ဘုရား) ဖြစ်လည်း ဖြစ်သွား တယ်၊ ပျက်လည်းပျက်သွားတယ်၊ မိမိ မွေးပြီး မိမိသေတာ ဘဲ ဒီဥစ္စာ မဆိုထိုက်ဖူးလား . . . (ဆိုထိုက်ပါတယ်ဘုရား)။

မိမိက ဘာခန္ဓာတုံးဆိုတော့၊ မိမိက ဝေဒနာက္ခန္ဓာကို ဗျ ဟုတ်လား၊ ခန္ဓာငါးပါးစလုံးတော့ မဖမ်းနိုင်လို့ ကိုယ်မိရာ ကိုယ်ဖမ်းလိုက်တာ . . . (မှန်ပါ) ရိပ်မိကြပလား . . . (ရိပ် မိပါတယ်ဘုရား)။

ငါးပါးစလုံး ဘုရားတောင် မဖမ်းနိုင်ဘူးဆိုတာ ဟော ပြီးပြီ၊ အဲတော့ စောင့်နေတာ ဘယ်နှစ်ပါးပါလိမ့် . . . (သုံး ပါးပါဘုရား) ဖမ်းနိုင်တာက . . . (နှစ်ပါးပါဘုရား)။

ဩော် . . . စောင့်နေတာ သမာဓိမဂ္ဂင်၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား) ဖမ်းနိုင်တာက . . . (ပညာမဂ္ဂင်ပါ ဘုရား) သူက သမာဒိဋ္ဌိ၊ ပညာ။

သမ္မာသက်ပ္ပဆိုတော့ သမ္မာဒိဋ္ဌိက၊ သမ္မာသက်ပ္ပနဲ့ မခွဲရဘူး . . . (မှန်ပါ) ခွဲနိုင်ပါ့မလား . . . (မခွဲနိုင်ပါဘူး) သူကမြင်ကွက်ဖော်ပေးသမား၊ သူကမြင်သမားကိုးဗျ . . . (မှန်လှပါ)။

သူတို့သုံးခုကတော့ တစ်ယောက်က တို့ပေးသမား၊ တစ်ယောက်က ခါးကုန်းနေသမား၊ တစ်ယောက်ကလှမ်း ဆွတ်သမားလို့ ဆိုတော့ ပန်းခူးတဲ့လူ ဥပမာနဲ့လည်း ပြကြ ပါတယ် . . . နော် . . . (မှန်ပါ)။

အဲတော့ သို့သော် ဘုန်းကြီးက ဒီလိုမပြောဘူး၊ ဒကာ ဒကာမတွေ နားရှုပ်နေမှာစိုးလို့၊ ခင်ဗျားတို့ မျက်လုံးမှိတ်ပြီး စောင့်နေပါ ဆိုရင်၊ ဒီသုံးခု ဝမ်းထဲရောက်ပြီ၊ ရှင်းပလား . . . (မှန်ပါ့)

သတိရယ်၊ ဝီရိယရယ်၊ သမာဓိရယ် စောင့်နေရင် ဘယ်နှစ်ခု ဝမ်းထဲရောက်တုံး . . . (သုံးခုရောက်ပါတယ် ဘုရား)။

စောင့်လို့ ခန္ဓာထဲမှာ သုခပေါ်ပေါ်၊ ဒုက္ခပေါ်ပေါ် ဘယ်စိတ်ပေါ်ပေါ် ပေါ်ချင်တာပေါ်ပေ့ါဗျာ . . . (မှန်လှပါ)

စောင့်နေရင်း မတ္တာနဲ့ အထူးတစ်ခု ပေါ်လာတာကို ခင်ဗျားတို့ ကတစ်ခါတည်းလိုက်။

လိုက် လိုက်တဲ့အခါကျလို့ရှိရင် ပေါ်မှန်းလည်းသိတယ်၊ ပျက်မှန်းလည်းသိတယ်. . . (သိပါတယ်ဘုရား) သဘောကျကြရဲ့လား. . .။

ပေါ်မှန်းကော. . . (သိပါတယ်ဘုရား) ပျက်မှန်းကော. . . (သိပါတယ်ဘုရား) သိလိုက်တဲ့အခါ ပေါ်မှန်း ပျက်မှန်းသိတော့ သိတယ်ဆိုရင် သူတို့နှစ်ခု ဝင်လာတယ် မှတ်ပေတော့။

## သမာဓိမဂ္ဂင် နှင့် ပညာမဂ္ဂင်

စောင့်နေတာက ဘယ်နှစ်ခု . . . (သုံးခုပါဘုရား) ဖမ်းနိုင်တာက . . . (နှစ်ခုပါဘုရား) နှစ်ခုဆိုတော့ သူက မဂ္ဂင်ထဲသွင်းလိုက်တော့ သူက ဘာမဂ္ဂင်တဲ့ . . . (သမ္မာဒိဋ္ဌိ) ပညာမဂ္ဂင်ဟုတ်လား၊ ဒီက . . . (သမာဓိမဂ္ဂင်)။

သမာဓိမဂ္ဂင်က သုံး . . . (မှန်ပါ့) ပညာမဂ္ဂင်က . . . (နှစ်ပါး) ဒါ အရိယာမှ ရတာ။

အရိယာမျိုးရိုးရှိတဲ့ ပုဂ္ဂိုလ်မှ ရတာ . . . (မှန်ပါ) ဒီပြင်ပုဂ္ဂိုလ်မရဘူး . . . (မှန်ပါ့) ရိပ်မိကြပလား . . . (မှန်ပါ) ဒါဘာမျက်လုံးလို့ ဆိုမတုံး . . . (အရိယာမျက်လုံးပါဘုရား)

အရိယာတို့တရားကို နာဖူးတဲ့ ပုဂ္ဂိုလ်မှ ဟုတ်လား . . . (မှန်လှပါ) အကြားအမြင် ရှိတဲ့ 'သုတဝါ အရိယာသာဝကော' ကိုဗျ . . . (မှန်လှပါ) သုတဝါ အကြားအမြင်လည်း ရှိမှ အရိယာသာဝကော အရိယာ၏ တပည့်လည်း ဖြစ်မှ ဒီမျက်လုံးနှစ်ခုရတယ်ဟေ့ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒီမျက်လုံး နှစ်ခုရဖို့ကို ခင်ဗျားတို့ ဘယ်လောက်ချီ ရတယ်ဆိုတာ ပေါ်ပလားကဲ . . . (ပေါ်ပါပြီဘုရား) ကဲ ဒါဖြင့် စောင့်တာက ဘယ်နှစ်ခု . . . (သုံးခုပါဘုရား) ကဲ ဖမ်းနိုင်တာက . . . (နှစ်ခုပါဘုရား)

## ဖမ်းမိတဲ့အချိန် မဂ္ဂင်ငါးပါး

ကိုယ့် ခန္ဓာထဲ ကိုယ်ဖမ်းတာနော်၊ ဖမ်းလိုက်တော့ . . . ဩော် . . . ဖမ်းမိတဲ့ အချိန်မှာ မဂ္ဂင်ဘယ်နှစ်ပါး ပေါင်း မိသတုံး မေးလိုက်စမ်း . . . (ငါးခုပါဘုရား)။

နှစ်ရယ်၊ သုံးရယ် = ငါးမဆိုနိုင်ဘူးလား . . . (ဆိုနိုင်ပါတယ်ဘုရား) စောင့်နေတာက သုံး . . . (မှန်ပါ) ဖမ်းတာက (နှစ်ပါးပါဘုရား) ရှင်းပြီနော် . . . (မှန်ပါ)။

ဖမ်းတဲ့အချိန်မှာ မဂ္ဂင်ဘယ်နှစ်ပါးတုံး မေးလိုက်တယ် . . . (ငါးပါးပါဘုရား) ငါးပါးဆိုတော့ ဒီမဂ္ဂင်ငါးပါးက အားလုံး ဒကာဒကာမတွေမှတ်ထားလိုက်စမ်း ဒါမဂ်ရတာလို့

ခေါ်တယ်၊ ရှင်းပြီနော် . . . (ရှင်းပါပြီဘုရား)။

မဂ်ရတာလို့ ခေါ်တယ်၊ ကောင်းပြီ ဒီမဂ်ဟာ ဘယ်ကရတဲ့ မဂ်တုံးလို့ မေးလို့ရှိရင်၊ ပကတိမျက်လုံးနဲ့ ရှုလို့ ရတဲ့မဂ်လား၊ ဟုတ်လား၊ ပညာစက္ခု ခေါ်ဆောင် ထားကြည့်လို့ ရတဲ့ မဂ်လား . . . (ပညာစက္ခုခေါ်ဆောင် ထားကြည့်လို့ရတဲ့ မဂ်ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ မျက်လုံးပြောင်းပေးတာ ဒါဘဲ၊ ပေါ်သေးဘူးလား . . . (ပေါ်ပါပြီဘုရား) ဒါက လက်တွေ့ တရားနော် . . . ဒကာဒကာမတို့ အကြွေးပေးပြီးသကာလ ဟောနေတဲ့တရားမဟုတ်ဘူး၊ အိမ်ကျရင် ချက်ခြင်း စောင့်ပြီး ချက်ချင်းဖမ်းသေချာမိတယ်၊ မိပေဘူးလား . . . (မိပါတယ်ဘုရား)။

ချက်ခြင်း စောင့်ပါ အိမ်ကျလို့ရှိရင်၊ ချက်ခြင်းစောင့် ချက်ခြင်းဖမ်းလိုက်၊ ဖမ်းလိုက်ရင် တစ်နေရာမှာ တွေ့ရမယ်၊ မတွေ့ပေဘူးလား . . . (တွေ့မှာပါဘုရား)။

စောင့်နေရင်း မတ္တနဲ့ဘဲ ဘာမှမစဉ်းစားဘဲနဲ့ ဘယ်နေရာက ပေါ်မတုံးလို့ စောင့်နေရင်း မတ္တနဲ့ဘဲ ပင်ကိုစိတ်ပျောက်ပြီး၊ စိတ်ကလေး အထူးပေါ်လာလို့ရှိရင်၊ အင်းမင်းဖမ်းရမှာဘဲလို့ဖမ်းလိုက်။

F 4 B

စောင့်နေတဲ့အထဲက အထူးစိတ်ကလေး စိတ်ကူး တစ်ခုပေါ်လာရင် ဘာဆိုကြမယ် အဲဒီစိတ်ဖမ်း၊ သဘောကျ ပလား. . (မှန်ပ့ါ)။

ယားတယ်၊ နာတယ်၊ ကျင်တယ်၊ ကိုက်တယ်၊ ခဲတယ် ဆို အဲဒီနေရာလိုက် ရှင်းပလား . . . (မှန်ပါ)။

ကောင်းပြီ၊ ညောင်းတယ်။ ညာတယ်၊ ဆိုရင်ကော . . . (ဒီနေရာလိုက်ရမှာ ပါဘုရား) အဲဒီနေရာလိုက် လိုက်တဲ့ အခါစောင့်နေလို့မိတာ၊ စောင့်မနေလို့ရှိရင် အဲဒီနေရာ ဉာဏ်က လိုက်လို့မိပ့ါမလား . . . (မမိပါဘူးဘုရား)

ဒါဖြင့် စောင့်နေတာသည် မဂ္ဂင် သုံးပါး၊ ဖမ်းနိုင်တာ က (နှစ်ပါးပါဘုရား) မဂ္ဂင်နှစ်ပါးဆိုတော့ ကောင်းပြီ၊ သမ္မာ ဒိဋ္ဌိ မျက်လုံးအသေအချာပါပြီ၊ မပါသေးဘူးလား . . . (ပါ, ပါတယ်ဘုရား)။

## သုတဝါအရိယာသာဝကော

ပါသဖြင့် ဒါဘာမျက်လုံးတုံး မေးလို့ရှိရင်၊ သုတဝါ အရိယာ သာဝကောလို့ သာမှတ်ပေတော့၊ သုတရှိတဲ့ အရိ ယာ သာဝကောတွေ မျက်လုံးပေါ်ပလား . . . (ပေါ်ပါပြီ ဘုရား)

သုတ္တဝါ အရိယာသာဝကော ဆိုတော့ စာအတိုင်း မပါကြဘူးလားဗျ . . . (ပါ, ပါတယ်ဘုရား) သုတဝါ အရိယာသာဝကော ဆိုတော့ . . . ဩော် . . . ဒါ ဝေဒနာက္ခန္ဓာလေး ဖြစ်မှု၊ ပျက်မှုကို ဘုန်းကြီးတို့ ဒကာဒကာမတွေ ကျကျနန မြင်လိုက်ပြီဆိုမှဖြင့် အစောင့်ရှိလို့ လည်းအမြင် ကဖမ်းနိုင်တာဘဲ။

ဆိုထိုက် မဆိုထိုက် . . . (ဆိုထိုက်ပါတယ်ဘုရား) စောင့်သာမနေရင် . . . (မဖမ်းနိုင်ပါဘူးဘုရား)။ ဒါဖြင့် ဝိပဿနာသည် ရှုရမှာက ဒါအရိယာမျက်လုံးကို အရိယာမြင် ထိုက်တဲ့ ဖြစ်ပျက် ဒုက္ခသစ္စာ မြင်တာ . . . (မှန်ပါ)။

နို့မဟုတ် မြင်ပါ့မလား . . . (မမြင်ပါဘူးဘုရား) ဒီအရိယာမျက်လုံးရလိုက်တယ်ဆိုဘဲ၊ ခင်ဗျားတို့ပဲ စဉ်းစားကြည့်ပါတော့တဲ့၊ ယျှဘာဝလာမဲ့ ဒီဟာတွေကို ဉပမာဒါလေးက နာတယ်ထား၊ နာရင်စိတ်ပျက်တယ်ဆိုတာလာသေးရဲ့လား . . . (မလာပါဘူးဘုရား)။

စိတ်ပျက်တဲ့ဒေါသ လာသေးရဲ့လား. . . (မလာပါဘူးဘုရား) ကျုပ်က နာတာလေးကို အနာ နာမှကြိုက်တယ်ဆိုတဲ့ အကြိုက်ကလေးဟာကော . . . (မလာပါဘူးဘုရား)။

အင်း ဆေးသမားဆိုတော့ သုံးချင်သုံးသေးတာကိုးဗျ၊ အနာမြဲနေရင် မကြိုက်ဘူး ပြောသေးတာ . . .

ကိုထွန်းဦး စောင်းပြောနေတယ် မအောင့်မေ့ပါနဲ့။

အနာဖြင့် နာမှုကွက်ကိုး၊ နာမှ ဒို့ဆရာက ကြိုက်တယ် ဆိုတော့၊ အဲတော့ ဒကာဒကာမတို့ ဒီမဂ္ဂင်ငါးပါးဟာ ခြော် . . . **ပုဗ္ဗေစကတပုညတာ** နောက်က ကောင်းမှုပြုခဲ့လို့ ရတာလား သုတဝါအရိယာ သာဝကော၊ သုတဝါ အကြား အမြင်များသော ပုဂ္ဂိုလ်၏ သန္တာန်မှရ၍၊ အရိယာသာဝကော အဲဒီအကြား အမြင်များတဲ့ ပုဂ္ဂိုလ်၏ တပည့်မှ ဖမ်းနိုင်တယ်။ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒီဘက်က ဆရာဘုန်းကြီးက အကြားအမြင်များ တယ်၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား) ခင်ဗျားတို့က ဘုန်း ကြီးသာဝကတွေ သွားဖြစ်တယ်။

အဲဒီ သာဝကမှ မြင်တာဗျ၊ နို့မဟုတ်ရင် မြင်ပါ့ မလား . . . (မမြင်ပါဘူး) ပေါ်ကြပလား . . . (ပေါ်ပါပြီ ဘုရား)။ ဒါဖြင့် တို့သည် ကားလို့ဆိုရင် **အသုတဝါ ပုထုဇ္ဇနော** လို့ဆိုလို့ရှိရင်ဖြင့်၊ အသုတဝါ = အကြားအမြင်မရှိဘူး၊ ပုထုဇ္ဇနော-ပုထုဇဉ်၊ အကြားအမြင်မရှိတဲ့ ပုထုဇဉ်လိုတော့ စောင့်ရမှန်းသိရဲ့လား . . . (မသိပါဘူး) ဖမ်းရမှန်းကော . . . (မသိပါဘူးဘုရား)။

## အသုတဝါ၊ ပုထုဇ္ဇနော

မသိတော့ သူဟာ အရိယာနဲ့ကို ဆက်သွယ်သေးလား . . . (မဆက်သွယ်ပါဘူးဘုရား) အသုတဝါ ပုထုဇ္ဇနော လို့သွားပြန်တယ် . . . (မှန်ပါ)။

ဒီကျတော့ သုတဝါ အရိယာသာဝကောလို့ရှင်းပလား . . . (ရှင်းပါပြီဘုရား) သုတဝါ၊ ဘုန်းကြီးက - သုတဝါ ခင်ဗျားတို့က-သာဝကော သာဝကောပေမယ့်၊ ဒါ သာမည သာဝကောမဟုတ်ဘူးတဲ့၊ အရိယာသာဝကော သွားဖြစ်တယ် အရိယာတို့၏ အမြင်ဖြစ်နေလို့ . . . (မှန်ပါ) ရှင်းပလား (ရှင်းပါပြီ)။

အသုတဝါ ပုထုဇ္ဇနော ဆိုရင်မမြင်ဘူးကွ၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား) သုတဝါ အရိယာသာဝကော ဆိုရင် (မြင်ပါတယ်ဘုရား)။

ကဲ ခင်ဗျားတို့ ဒါလေးတစ်လုံးမြင်လိုက် လို့ရှိရင် အရိယာ သာဝက အစစ် မဖြစ်နိုင်သေးဘူးလားတဲ့ . . . (အစစ်ဖြစ်ပါတယ်) တက်ပြမယ်။

နောက် အရိယာ သာဝက တင်မဟုတ်ဘူး၊ တပည့် တင် မဟုတ်ဘူး၊ ဆရာဖြစ်သည့်တိုင်အောင် တက်ပြမယ်၊ ခု တပည့်ရှိသေးတယ်နော် . . . (မှန်ပါ)။

တပည့်တင်ရှိနေတယ်လို့ ပြောရတာ တခြားမဟုတ်

ပါဘူး၊ ဒကာဒကာမတို့ ယျှလို လုပ်နေလို့ မဂ္ဂင်ငါးပါးထက် ပိုပြီး မရဘူး၊ ဒါဘဲရသေးတယ်၊ ရှင်းကြပလား . . . (မှန်ပါ)။

ဩော် . . . အင်မတန် အဖိုးတန်မယ့် ခင်ဗျားတို့ အလုပ်စဉ်တရားလို့ အသေအချာမှတ်ပါ၊ ဦးသာဒွေး မမှတ် ထိုက်ဘူးလား . . . (တင်ပ့ါ)။ ဦးဝကြီးကော . . . (မှတ် ထိုက်ပါတယ်ဘုရား) ဦးစံရီတို့ လူစုတွေ၊ ကဲ မောင်ကိုတို့ကော သဘောကျပလား။

စောင့်နေတာ ဘယ်နှစ်ပါတုံးကွာ . . . (သုံးပါးပါ ဘုရား) ဖမ်းနိုင်တာက . . . (နှစ်ပါးပါဘုရား) ဒါက ဒီသုံးခု က မဂ္ဂင်တဲ့ . . . (သမာဓိ မဂ္ဂင်ပါဘုရား) ဒီနှစ်ခုက . . . (ပညာမဂ္ဂင်ပါဘုရား)။

ဒါဖြင့် မဂ္ဂင် ဘယ်နှစ်ပါးရတုံး . . . (ငါးပါးရပါတယ် ဘုရား) ဩော် . . . စောင့်ဖမ်းရင်ငါးပါးရတယ် . . . (မှန်ပါ) ဒါဖြင့် သုတဝါ အရိယာသာဝကော . . . ဖြစ်မဖြစ် . . . (ဖြစ်ပါတယ်ဘုရား)။

အသုတဝါ ပုထုဇ္ဇနော ကတော့ မမြင်ဘူးကွ၊ ပုထုဇဉ် ဆိုရင် မမြင်ဘူးတဲ့၊ အရိယာ၏ တပည့်သားဖြင့် . . . (မြင်ပါ တယ်ဘုရား) မြင်တယ်၊ သုတဝါ အရိယာသာဝကော ဆို မြင်တာဘဲတဲ့ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## မေတ္တာ၊ ကရုဏာနဲ့ ပေါ်နေတာ

ခင်ဗျားတို့ မှတ်ထားကြပါ၊ အားလုံး ဒကာဒကာမတို့ ကရုဏာမေတ္တာ ရှေ့ထားပြီးတော့ ပေါ်တယ်၊ အရိယာလေး မွေးလားတယ် လို့ ဘယ်သူများကြားဖူးတုံး . . . (မကြားဖူးပါဘူးဘုရား)။

နောက်မှ ကျင့်ယူရတယ်၊ အရိယာအကျင့် . . . (မှန်ပါ) သဘောကျကြလား . . . (ကျပါတယ်ဘုရား) အရိယာလေးမွေးလာတယ် လို့ရှိရဲ့လား . . . (မရှိပါဘူးဘုရား)။

ဆိုချင်ရင်ဖြင့် တိဟိတ်လေးမွေးလာတယ်လို့ဆိုပါ . . . (မှန်ပါ) ဆိုနိုင်ဘူးလား . . . (ဆိုနိုင်ပါတယ်ဘုရား) အရိယာလေးမွေးလာတယ် ဆိုတော့ အရိယာပဋိသန္ဓေ နေသေးတယ် ဖြစ်နေမှာပေါ့ . . . (တင်ပါ့)

အရိယာမှာ အရိယာလည်း ဖြစ်ရသေးတယ် ဟုတ်လား ကိုထွန်းဦး၊ ဒုက္ခမျိုးစုံလည်း အကုန်ရသေးတယ်ဆိုရင်၊ ဘာကျုပ်တို့ အရိယာဆု ဆုတောင်းနေဖို့မလိုတော့ပါဘူး . . . (မှန်ပါ) သဘောကျကြပလား. . . (ကျပါတယ်ဘုရား)။

ဒါဖြင့် ဦးဘဒင်တို့ နေရာကျပလား (ကျပါတယ်) သုံးတဝါ ဘယ့်နှယ်ဆိုကြမတုံး (အရိယာ သာဝကောပါ

ဘုရား) အသုတဝါ (ပုထုဇ္ဇနော ပါဘုရား)။ ပုထုဇ္ဇနော . . . ရှင်းပလား။

အကြားအမြင် မရှိတဲ့ ပုဂ္ဂိုလ်ဟာ ဟောဒါ မဖမ်းတတ် ဘူးကွာတဲ့ ပုထုဇ္ဇနော ဖြစ်နေတယ်တဲ့၊ သုတဝါဖြင့် အရိယာသာဝကော ဖြစ်တယ်ကွတဲ့၊ ဒါ ဖမ်းနိုင်တယ် . . . . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## ဖြစ်ပျက်ဉာဏ်မြင်ရင်၊ ဒိဘာဝမဂ်ရမလို့

ဒါဖြင့် အရိယာသာဝကော ဖြစ်ပြီးသကာလ နေတော့သူ့မျက်လုံးဟာ ဘာမျက်လုံးတုံး . . . (အရိယာ မျက်လုံးပါဘုရား) အရိယာမျက်လုံးတစ်ခု ရလိုက်တယ်ဆိုလို့ရှိရင်ဖြင့်တဲ့၊ ခင်ဗျားတို့ ခုမျက်လုံးရကတည်းကိုက၊ ဘုရားက ဖြစ်ပျက်ဉာဏ်မြင်လို့ရှိရင်၊ ခင်ဗျားတို့ ရေးပေးထားတာရှိတယ်တဲ့၊ ဒီဘာဝမဂ်ရမလို့၊ သေချာပလား (သေချာပါတယ် ဘုရား)။

ဖြစ်ပျက်မြင်လိုက်လို့ရှိရင် ဘာတဲ့ . . . (မဂ်ရမှာပါ ဘုရား) သဒ္ဒါ နိယာမတရား (၅)ပါးမှာ ဒီဘာဝ မဂ်ရမဲ့ အကြောင်း-မဟောဘူးလား . . . (ဟောပါတယ်)။

ဟောဒီဖြစ်ပျက်သာ မင်းတို့ မြင်အောင်လုပ်စမ်းပါကွ၊ မြင်နိုင်တဲ့ ဆရာနဲ့ပေါင်းသင်းပြီး မြင်တဲ့နည်း လေးမင်း

တို့ သန္တာန်မှာ ဒီငါးခုသာ ပေါ်စမ်းပါစေ၊ ဒီဘဝမင်းတို့ သေချာပြီလို့ ဆုံးဖြတ်ချက်ချ။

အပါယ်လေးပါး တံခါးပိတ်ပြီ ဆိုတော့ မလုပ်ထိုက်ဖူးလား - လုပ်ထိုက်လား . . . (လုပ်ထိုက်ပါတယ်ဘုရား) ဒါဖြင့် ကိုယ့်အိမ်ကျလို့ရှိရင် ကိုယ်ဘာလုပ်ကြမယ်၊ တစ်နံပါတ်က စောင့်ကြ။

နှစ်နံပါတ် ကျတော့ ပေါ်လာရင် ဘာလုပ်ကြမတုံး . . . (ဖမ်းရမှာပါဘုရား) စောင့်လိုက်၊ ဖမ်းလိုက်၊ ဆိုလို့ရှိရင် ဖြင့်တဲ့ ဒကာဒကာမတို့ သမာဓိ နဲ့ ပညာတွဲလွတ်တာပဲ . . . (မှန်ပါ)။

ဖမ်းတဲ့အချိန်မှာ သမာဓိကလည်း ကျန်ရှိနေတော့၊ သမာဓိနဲ့ပညာတွဲလွတ်သောကြောင့်၊ ဘုရားသာသနာတော်မှာ သမာဓိနဲ့ ပညာတွဲ လွတ်လို့ရှိရင်ဟာ အမြန်ဆုံးပဲတဲ့၊ ရလွယ်ဆုံးပဲတဲ့ (မှန်လှပါ)။

## သမာဓိချည်းထူထောင်ရင်ကြာတယ်

သမာဓိချည့် ထူထောင်ပြီး နေမယ်ဆိုရင် ကြာတယ်၊ သမာဓိနဲ့ ပညာသာတွဲလွတ် ရှိရာကို သဘောကျကြလား . . . (မှန်လှပါဘုရား) တွဲလွတ် လိုက်လို့ရှိရင်ဖြင့် အဖြစ်အပျက်ကို ဘယ့်နှယ့်နေတုံး . . . (သိပါတယ်ဘုရား)။

မြင်မယ်ဆိုတာ သဘောကျပလား၊ ဒါဖြင့် သုတဝါ အရိယာသာဝကော ဖြစ်သွားသောကြောင့်၊ ဒီလူ၏မျက်လုံး ဒီပုဂ္ဂိုလ်၏ မျက်လုံးသည် ဘာမျက်လုံးဆိုကြမတုံး . . . (အရိယာမျက်လုံးပါ)။

ဩော် . . . အရိယာမျက်လုံး ဟုတ်သားပဲ ခါတိုင်း တော့ဒါခန္ဓာငါးပါးဟာ ယောက်ျား၊ မိန်းမသာ ခင်ဗျားတို့ မြင် တယ် . . . (မှန်ပါ) အရုပ်ဆိုးတယ်၊ အကျည်းတန်တယ်၊ ချောတယ်၊ လှတယ်၊ ယဉ်တယ် အစရှိသည်သာ ခင်ဗျားတို့ မြင်တယ်၊ ဟုတ်လား . . . (မှန်ပါ)။

ကိုယ့် ကိုယ်ကြည့်လည်း ထိုနည်းတူပဲမြင်တယ်၊ ခုစောင့်ပြီး သကာလ ဖမ်းလိုက်တဲ့အချိန်ကျတော့၊ မျက်လုံး မှိတ်ပြီးစောင့်ဖမ်းလိုက်တဲ့ အခါကျလို့ရှိရင် ချောတယ်၊ လှ တယ်လည်း မမြင်ဘူး၊ အရုပ်ဆိုး အကျည်းတန်တာလည်း မမြင်ဘူး၊ ဖြစ်တာနဲ့ပျက်တာဘဲတွေ့လိမ့်မယ် မဆိုနိုင်ဘူးလား . . . (ဆိုနိုင်ပါတယ်)။

ဘာတွေ့တုံး . . . (ဖြစ်တာနဲ့ပျက်တာဘဲတွေ့ပါ တယ်ဘုရား) ဒါမျက်လုံးပြောင်းသွားပြီ၊ မပြောင်းဘူးလား . . . (ပြောင်းပါတယ်ဘုရား) ပညာစက္ခုပြောင်းလိုက်တယ်။ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဘာပြောင်းလိုက်တာပါလိမ့် . . . (ပညာစက္ခု ပြောင်းလိုက်တာပါဘုရား) အဲ ပညာစက္ခုပြောင်းတယ် ဆို

ကတည်းက ခင်ဗျားတို့ အရိယာသေချာသွားပြီ။

ဒကာဒကာမတို့ ယနေ့ တရားဟောအလုပ်စခန်းမှာ အတော်ပြတဲ့ စကားနော် . . . (မှန်ပါ့) လုပ်မယ်လို့လည်း ခင်ဗျားတို့ တာဝန်ယူကြပါ။ မယူကြဘူးလား . . . (ယူကြပါတယ်)။

အားလုံးလုပ်ကြပါဒီဥစ္စာကို လုပ်လို့ရှိရင် မကြာဘူးနော်၊ ဆရာကောင်းလို့ရှိရင် ကောင်းသလောက် ကောင်းသလောက်ခရီးပေါက်တာဘဲ၊ မင်းရှုဦးကွ၊ ရှုက်ဦးကွ။ များများကြီးရှု၊ များများကြီးရှုက်လုပ်နေရင် ကြာနေမှာဘဲခင်ဗျားတို့၊ ခဏလေးစောင့်လိုက်ရင် ခဏလေးမတွေ့ပေဘူးလား။

ဒီခန္ဓာကခဏခြင်းပြတာကိုးဗျ . . . (မှန်ပါ) ဖြေးဖြေးမှပြမှာလား၊ သူက အပြမြန်လိုက်တာ၊ အမြန်မလိုက်နိုင်မှာစိုးရသေး . . . (မှန်လှပါ) ဟုတ်ဘူးလား . . . (မှန်လှပါ) အပြမြန်လွန်းလို့ဗျာ . . . (မှန်လှပါ)။

ကဲ သဘောကျကြပလား . . . (ကျပါတယ်ဘုရား) ဒါဖြင့် ပထမတော့ ရှေးဦးစွာ ဘာလုပ်ရမတုံး . . . (စောင့်ရမှာပါဘုရား) စောင့်၊ နောက် (ဖမ်းရမှာပါဘုရား)။

## ဗျိုင်းဥပမာ

အေး ဒါကြောင့် ဘုန်းကြီးက ဥပမာပြတယ်၊ တစ်ခါ တစ်ခါကျတော့ ဗျိုင်းဟာ ရေမြောင်းကနေပြီးသကာလ၊ ရေမြောင်းကလေးကန်သင်းကနေပြီး စောင့်နေတာဘဲ . . . (မှန်ပါ) ဟုတ်လား . . .

လိုက်လည်း ဒီငါးကိုမဖမ်းဘူး၊ ဟုတ်လား၊ သူ့နား ရောက်လာတဲ့ဥစ္စာပထမတော့ စောင့်နေသေးတယ်၊ ချိန်နေတယ်၊ ရောက်လာရင်တော့ . . . (ဖမ်းပါတယ်ဘုရား) ဖမ်းတယ်။

အဲဒီနည်းကို ယူပါ၊ သဘောကျပလား . . . (ကျပါတယ်ဘုရား) စောင့်ဖမ်း ဒါဖြင့် သုံးခုက ဘာလုပ်ရမတုံး (စောင့်ရမှာပါဘုရား) နှစ်ခုက . . . (ဖမ်းရမှာပါဘုရား)။

သုံးခုကလည်း စောင့်ရုံတင် စောင့်တတ်တယ်၊ မဖမ်းတတ်ဘူးတဲ့ . . . (မှန်လှပါ) ခက်လိုက်တာ ဘာပြုလို့တုံးဆိုတော့သူက သမာဓိ မဂ္ဂင်ဖြစ်နေတော့ တည်ကာရှိတာကိုးဗျ . . . (မှန်လှပါ)။

ပညာမဂ္ဂင်လို ဖမ်းနိုင်တဲ့၊ သိနိုင်တဲ့စွမ်းရည်သတ္တိရှိရဲ့လား . . . (မရှိပါဘူးဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ဒီပညာမဂ္ဂင်နဲ့ ဒီနှစ်ခုဖြင့် မပေါင်းရင်မဖြစ်ဖူးဆိုပြီး သကာလ၊ ဒီဟာ-သမထ၊ ဒါက -

ဝိပဿနာရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒီသုံးခုက ဘာတုံး . . . (သမထပါဘုရား)၊ ဒီဟာက . . . (ဝိပဿနာပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ သမထ အထူးတည်ထောင်ပေးသလား ဆရာဘုန်းကြီးက . . . (မပေးပါဘူးဘုရား) ခဏလေး သာစောင့်လိုက်ပါ တော့နော် . . . (မှန်ပါ)။

ခဏလေးတော့ စောင့်လိုက်ပါတော့၊ လာတာဖမ်းလိုက်ပါတော့ . . . (တင်ပ့ါ) ဆိုတော့ တို့အလုပ်က သမထပါ မယ်မထင်ပါဘူးလို့ မယောင်နဲ့ပါပြီးသား . . . (ပါပြီသားပါဘုရား) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## သမာဓိနဲ့ ပညာနဲ့တွဲလွှတ်ပါ

ဩော် . . . ဒါဖြင့် သမာဓိစခန်းကို ဆရာဘုန်းကြီးက ဘုရားဟောတော်မူတဲ့အတိုင်း တွဲလွှတ်တာကိုးဆိုတာ ခင်ဗျားတို့ ဆုံးဖြတ်ချက်ချလိုက် . . . (မှန်ပါ)

ချပြီးကြပလား . . . (ချပြီးပါပြီဘုရား) သမာဓိနဲ့ ပညာနဲ့တွဲလွှတ်တာနော် (မှန်ပါ) ဘယ်သူ့ဆီလွှတ်တုံး ဒီဖြစ်ပျက်ဆီတွဲလွှတ်တယ် . . . (ဖြစ်ပျက်ဆီတွဲလွှတ်ပါတယ်ဘုရား)။

ဖြစ်ပျက်ဆီပဲတွဲလွှတ်လိုက်တယ်၊ သို့သော် အလုပ်စ

တဲ့အချိန်ကျတော့ ဒကာ ဒကာမတို့ အလုပ်စတဲ့အချိန်ကျ တော့သူကစောင့်နေ၁် . . . (မှန်ပါ) သူကဖမ်းတယ်။

နောက်ကျတော့ ဖမ်းစရာတွေကရှိတယ်၊ ခဏခဏ အစားထိုးပြီး ဒီနေရာမှာ ဖြစ်ပျက်တွေအစားထိုးထိုး မလာပေ ဘူးလား . . . (လာပါတယ်)။

ထိုးတော့ သူတို့နှစ်ခုစုံချည့် ဖမ်းတာ . . . (မှန်ပါ)၊ သမာဓိရော၊ ပညာရော ဖမ်းတော့တာဘဲ၊ ပထမဟာသာ စောင့်ဖမ်းလုပ်နေတာ . . . (တင်ပါ့)။

နောက်ပေါ်လာတာတွေကျတော့ . . . (တွဲရက်ပါ ဘုရား) တွဲရက်ဖမ်းချလိုက်တယ်၊ စောင့်ပြီးတာရော၊ စောင့် တာရော၊ ဖမ်းတာရော၊ တစ်ချက်တည်းချည့်ဘဲ . . . (သူ့ကိစ္စ နဲ့ သူလုပ်ကြတာပါဘုရား)။

ဒါဖြင့် ကိုထွန်းဦးရေ ကျုပ်တို့တရားသည် ဘုရား ဟောတော်မူတဲ့ တရားသည် ယုဂနဒ္ဓ-နည်းလို့ ဘုရားက သံယုတ်ပါဠိတော်မှာ လာထားတယ်။

## နွားနှစ်ကောင်ယှဉ်မောင်းတယ်

ယုဂနဒ္ဓ ဆိုတာ နွားနှစ်ကောင် ဘယ်သူမှ မသာ အောင်မောင်းတာ၊ ဒီမှာလည်း သမာဓိလည်း မသာရအောင်

ပညာလည်းမသာရအောင် ဒါအဖမ်းခိုင်းတာဘဲ . . . (မှန်ပါ) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒါဒကာဒကာမတို့ ဝိပဿနာ တပည့်တော်တို့ မလုပ်တတ်သေးဘူးလို့ ခင်ဗျားတို့ ငြင်းလုံးထုတ်ချင်သေးသလား . . . (မထုတ်ချင်ပါဘူး) မထုတ်ပါနဲ့တော့ ထုတ်လို့ရှိရင် ဦးခင်မောင်တို့ ခင်ဗျားတို့သည်ပင် နာရင်း မတ္တနဲ့ နား မလည်ဘူးဆိုတော့ ခုနင်က အရိယာရှေ့ကထားပြီး အရိယာများတွေ့စမ်းချင်တယ်လို့ ပြောတာနဲ့ . . . (တူနေပါတယ်ဘုရား) ထပ်တူမဖြစ်ပေဘူးလား . . . (ဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် လုပ်တတ်ကြပလားလို့ မေးလိုက်တယ် ဦးမောင်လေး လုပ်တတ်ပလား . . . (လုပ်တတ်ပါတယ်ဘုရား)။

စောင့်တာကဘာနဲ့ စောင့်မယ် . . . (သမာဓိနဲ့စောင့်ပါဘုရား) သမာဓိနဲ့စောင့်ဆိုတော့ သတိ၊ ဝီရိယ၊ သမာဓိ . . . (မှန်ပါ) သတိလည်းပါသေးတယ်၊ (ပါပါတယ်) ဝီရိယကော . . . (ပါ, ပါတယ်) အဲ သမာဓိကော . . . (ပါ, ပါတယ်ဘုရား)။

ဖမ်းတာက ဘာနဲ့ဖမ်းတုံး . . . (ပညာနဲ့ဖမ်းပါတယ်ဘုရား) သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ ဆိုတော့ ပညာဦးစီးပြီး ပညာနဲ့ ဖမ်းတယ် ပြောလိုက်တယ်။ ဖမ်းတာကတော့ နှစ်ခုပေါင်း

ပြီးမှလို့ သူတို့ ဖမ်းလို့ရတယ် . . . (မှန်ပါ)

သူက သမ္မာဒိဋ္ဌိ၊ သူက သမ္မာသင်္ကပ္ပ၊ သူက သမ္မာသတိ၊ သူက သမ္မာဝါယာမ၊ သမ္မာသမာဓိ၊ သတိ၊ ဝီရိယ၊ သမာဓိပေါ့ဗျာ . . . (မှန်လှပါ) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

အဲဒီတော့ တပည့်တော်တို့ မဂ်ရဖိုလ်ရ မဂ် ဝင်္ဂဘဝတိုတိုနဲ့ မဂ်ဖိုလ်ရ ရပါလို၏ ခင်ဗျားတို့က ဆုတောင်းတယ် . . . (မှန်ပါ) ကျောင်းဆောက် ဆုတောင်းလိုက်၊ ဘုရားတည် ဆုတောင်းလိုက် မတောင်းကြပေဘူးလားဗျာ . . . (တောင်းပါတယ်ဘုရား)။

တောင်းပေမဲ့လည်း ဒီဟာမှ စောင့်ပြီး မဖမ်းနိုင်လို့ရှိရင် . ဒီငါးခုတည်းဟူသော မဂ်ဟာခင်ဗျား တို့သန္တာန် ရောက်မရောက် . . . (မရောက်ပါဘူးဘုရား)။

## လုပ်ယူရမှာတောင်းနေတယ်

ဒါဖြင့် ခင်ဗျားတို့ တောင်းနေတာက တောင်းရတဲ့ ပစ္စည်းကို လုပ်ယူရမဲ့ ပစ္စည်းကို တောင်းတယ် . . . (မှန်လှပါ) ဆိုထိုက်မဆိုထိုက် . . . (ဆိုထိုက်ပါတယ်ဘုရား)။

လုပ်ရမဲ့ ပစ္စည်းကိုတောင်းယူနေတယ် . . . (တင်ပါ့) မဆိုထိုက်ဖူးလား . . . (ဆိုထိုက်ပါတယ်ဘုရား) ဒါဖြင့် ဒီနေ့

က စပြီးမှတ်လိုက်ပေါ့၊ လုပ်ယူရမဲ့ ပစ္စည်းမို့ တပည့်တော်တို့ လုပ်ယူတော့မယ် ဘုရား . . . (တင်ပ့ါ)။

တောင်းရမဲ့ နတ်ပြည်၊ ဗြဟ္မာပြည်တော့ တောင်းယူပါ (တင်ပ့ါ) ရှင်းပလား . . . (မှန်ပ့ါ) မဂ်ဖိုလ်တော့ဖြင့် . . . (လုပ်ယူရမှာပါဘုရား)

ဒါဖြင့် တောင်းယူရမဲ့ ပစ္စည်းလုပ်ယူရမဲ့ ပစ္စည်းတော့ ခွဲပါဦး၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဘာပစ္စည်း တဲ့ဗျာ . . . (လုပ်ယူရမဲ့ ပစ္စည်းနဲ့ တောင်းယူရမဲ့ ပစ္စည်းပါဘုရား) အဲ . . . လုပ်ယူရမဲ့ပစ္စည်း၊ တောင်းယူရမဲ့ ပစ္စည်း။

သုံး ဆယ့်တစ်ဘုံဟုတ်လား၊ နတ်ပြည်ခြောက်ထပ်ကိုခင်ဗျားတို့ လှူချင်တာနဲ့လှူ၊ တောင်းချင်တာနဲ့ တောင်းရတယ် . . . (မှန်ပ့ါ)။

## သူတော်ကောင်းရတနာခုံပါစေ

သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာသာစုံပစေ၊ ရတယ် . . . (မှန်ပါ) သဘောကျပလား . . . (မှန်လှပ့ါ) သဒ္ဓါရယ် သီလရယ်၊ သုတ၊ စာဂ၊ ပညာ ဒီငါးပါးစုံလို့ရှိရင်ဖြင့် ဒကာဒကာမတွေ ရပါတယ်လို့ ဆုံးဖြတ်ချက်ချ။

သဒ္ဓါတရားရှိတယ် လှူတယ်၊ တန်းတယ် ကိုးဗျ

. . . (မှန်ပါ) သီလလေးကလည်း ဆောက်တည်လိုက်သေးတယ် . . . (မှန်ပါ) သုတဆိုတဲ့ အကြားအမြင် ကလေးကလည်း ကောင်းတာလုပ် ကောင်းကျိုးပေးတယ်ဆိုတဲ့ အကြားအမြင်ကလေးလည်း မရှိဘူးလား . . . (ရှိပါတယ်ဘုရား)။

စာဂ ကလေးကလည်း ကိုယ့်ပစ္စည်းကလေးသောင်းနဲ့ သိန်းနဲ့ကိုလည်း မစွန့်လိုက်ဘူးလား . . . (စွန့်လိုက်ပါတယ်ဘုရား)။

## ကိုယ်တိုင်လုပ်မှရမှာ

အေး ပညာလေးကလည်း ခုနင်က ကမ္မဿကတဉာဏ်ဆို တာလေးဟာ မပါဘူးလား . . . (ပါ ပါတယ်) အဲဒါကြောင့် အဲဒါတွေတောင်းယူရင်ရတယ်၊သဘောကျပလား . . . (မှန်ပါ့)။

ခုဟာကတော့ ဘယ်လိုတုံး . . . (လုပ်ယူမှရမှာပါဘုရား) ဒါဖြင့် တောင်းယူလို့ ရမဲ့ပစ္စည်းတစ်မျိုး . . . (တစ်မျိုး) လောကကြီးထဲမှာ ရှိတာက . . . (မှန်ပါ)။

ကိုယ်တိုင်လုပ်ယူမှ . . . (ရမှာကတစ်မျိုးပါဘုရား) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

တဲ . . . ယနေ့ဖြင့် ဒီတွင် တော်ကြဦးစို့။

သာဓု . . . သာဓု . . . သာဓု။